မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၃) အမှတ် (၁၀၅)

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ တနင်္လာနေ့။

ဒို့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မစိုးရိမ်ကျောင်းတိုက်နာယကဆရာတော်ကြီးများအား ဖူးမြော်

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယ စုဒ္ဒသမရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်း ဆရာတော်ကြီး အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဠိယအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများနှင့် အားဖြည့်ဓာတ်စာများ လှူဒါန်းပြီး ဆရာတော်ကြီး၏ကျန်းမာရေးနှင့် သာသနာရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားသည်။

ယင်းနောက် ကျောင်းတိုက်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်သို့ရောက်ရှိပြီး ဘဝနတ်ထံပျံလွန်တော်မူသွားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက် မဟာနာယကဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသ၏ ရုပ်ကလာပ်တော်ကို ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၃ ကော်လံ ၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆရာတော်များအားဖူးမြော်ပြီး အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းစဉ်။ (သတင်းစဉ်)

မီးသတ်လုပ်ငန်းတွင်အသုံးပြုသည့် စက်ကိရိယာနှင့် ယာဉ်ယန္တရားများကို ခေတ်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်း-၁၀)

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကျင်းပပုံကို ယင်း ညနေ ၅ နာရီ ၁၅ မိနစ်မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

သာယာမည်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။

ယနေ့မာတိကာ

ဂျပန်ရေပိုင်နက်အတွင်းသို့ တရုတ်သင်္ဘောများဝင်ရောက် — စာမျက်နှာ - ၄

အဲဗာတန်တိုက်စစ်မှူး ဟားလ်စီးတီးခေါ်ယူ — စာမျက်နှာ - ၅

ချင်းပြည်နယ်အတွင်း တောတောင်သစ်ပင်ပန်းမန်များ ထိန်းသိမ်းစောင့်ရှောက် — စာမျက်နှာ - ၁၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အသုံးနှင့်အဖြုန်း

လောက၌ အသုံးနှင့်အဖြုန်းကြီးသူ၊ အသုံးနှင့် အဖြုန်းသဘောကို ကောင်းစွာနားလည်သဘောပေါက်ခြင်းမရှိသူတို့အတွက် စီးပွားတိုးတက်ခြင်း အဘယ်မှာရှိနိုင်အံ့နည်း။ အသုံးအဖြုန်းကြီးသူတို့အဖို့ မည်မျှပင်ဝင်ငွေစီးပွားကောင်းစေကာမူ ဝင်ငွေနှင့်ထွက်ငွေ ချင့်ချိန်မှုမရှိသဖြင့် နောက်ဆုံးအိတ်ပေါက်နှင့် ဖားကောက်သကဲ့သို့ ဖြစ်ရချေသည်။

ထိုနည်းတူ အသုံးနှင့်အဖြုန်းကို ဝေဖန်ပိုင်းခြားသိမြင်ခြင်း မရှိသူကား ကိုယ်ကျိုးစီးပွားပင် ပျက်တတ်ပြန်သေး၏။ အသုံးဟူသည်ကား တစ်စုံတစ်ခုအတွက် အကျိုးဖြစ်ထွန်းစေခြင်းငှာ အသုံးပြုခြင်းဖြစ်ပေ၏။ အဖြုန်းသည်ကား ထိုသို့မဟုတ်။ လိုချင်တပ်မက်ခြင်းကိုသာ အဓိကထားခြင်းဖြစ်၏။ ဤသို့သုံးစွဲခြင်းဖြင့် အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာခြင်းကားမရှိ။ လိုချင်မှု တစ်ခုတည်းကိုသာ အကြောင်းပြုလျက် သုံးစွဲခြင်းကြောင့် ဖြုန်းတီးသည်ဟုဆိုအပ်၏။

အမှန်စင်စစ်အသုံးသည်ကား အကျိုးရှိမည့်အလုပ်တစ်ခုအတွက် မဖြစ်မနေအသုံးပြုခြင်းပင်ဖြစ်၏။ သို့သော် အသုံးတည့်ခြင်း၊ အသုံးဝင်ခြင်းမှာကား လူတစ်ဦးနှင့်တစ်ဦးမတူနိုင်၊ ဥပမာဆိုရလျှင် မိုဘိုင်းဖုန်းနှင့် ကွန်ပျူတာလက်တော့(ပ်)တို့သည် သတင်းသမား၊ စီးပွားရေးသမားတို့အတွက် အလိုအပ်ဆုံးဖြစ်၏။ သို့သော် လယ်ယာလုပ်ငန်းခွင်နယ်ပယ်တွင် ဤပစ္စည်းကိရိယာများမရှိဘဲ အလုပ်ဖြစ်နိုင်၏။ ထိုထက် လယ်ထွန်စက်များရှိလျှင်မူ လယ်သမားတို့အတွက် အကောင်းဆုံးဖြစ်၏။ အသုံးလည်းတည့်၊ အကျိုးလည်းရှိပေ၏။ အသုံးလည်းတည့် အကျိုးလည်းရှိမှသာလျှင် အသုံးဖြစ်နိုင်၏။ အဖြုန်းမဖြစ်ပါ။

ထိုနည်းတူစွာ စားဝတ်နေရေး ဆောင်ရွက်ရာတွင်လည်းကောင်း၊ ကုန်သွယ်စီးပွားဆောင်ရွက်ရာတွင်လည်းကောင်း အသုံးဝင်ခြင်း အသုံးမဝင်ခြင်း၊ အကျိုးရှိခြင်း အကျိုးမရှိခြင်းတို့အပေါ် ချင့်ချိန်စဉ်းစားလုပ်ဆောင်အပ်၏။ မလိုအပ်ဘဲစားခြင်း၊ မလိုအပ်ဘဲ ကြွားဝါပလွှားခြင်းတို့သည် ဖြုန်းတီးရာရောက်၏။ အကျိုးစီးပွားကို ဖျက်ရာရောက်၏။

သို့စေကာမူ အကျိုးစီးပွားသိမြင်လျက် သုံးသင့်သုံးထိုက်သော ပစ္စည်း(ဝါ)တစ်ခုခုကိုမသုံးဘဲနေခြင်းသည် အကျိုးစီးပွားဖျက်ရာရောက်၏။ လေယာဉ်စီးပြီး သွားသင့်သောခရီးကို ကားဖြင့်သွားချေက အချိန်ကုန်လူပန်းသာဖြစ်၏။ ချွေတာသည်ဆိုခြင်းမှာ နေရာတိုင်းတွင်မကောင်းပါ။ ကာလဒေသအခြေအနေပေါ်မူတည်၍ ခြိုးခြံချွေတာခြင်းဖြင့် အကျိုးရှိနိုင်၏။ မြန်မြန်ချမ်းသာချင်လွန်းအားကြီးသဖြင့် နေ့တိုင်းချွေတာစားနေလျှင် အာဟာရချို့တဲ့ပြီး ကျန်းမာရေးထိခိုက်သွားရုံသာရှိ၏။ ထို့ကြောင့် စားသင့်သလောက်စား၊ ဝတ်သင့်သလောက်ဝတ်၊ သုံးသင့်သလောက်သုံး၊ အကျိုးရှိခြင်း မရှိခြင်းကို စဉ်းစားပါ။ အကျိုးမရှိလျှင် မသုံးသင့်ပါ။ အကျိုးမရှိဘဲ သုံးခြင်းသည် အဖြုန်းသာဖြစ်ပါ၏။ လူတိုင်းလူတိုင်း အသုံးနှင့် အဖြုန်းကို ကောင်းစွာနားလည်သဘောပေါက်ခြင်းဖြင့် ကြီးပွားတိုးတက်ခြင်းသို့ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ထင်သာမြင်သာ ပြုပြင်စရာ

မင်းဘူးမြို့ မြသလွန်ချစေတီတော်မြတ်ကြီးကို ပြုပြင်ထိန်းသိမ်းရန်လိုအပ်

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အထင်ကရသမိုင်းဝင် စက္ကိန်းတဲဘုရားကြီး၏ တောင်ခြေရင်းအရှေ့ဘက် ဧရာဝတီမြစ်ကမ်းဘေးရှိ မြသလွန်ချစေတီတော်မြတ်ကြီးအား ဘက်စုံမွမ်းမံထိန်းသိမ်းမှုများ ပြုလုပ်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ ရှေးဟောင်းစေတီ တစ်ဆူဖြစ်သော မြသလွန်ချစေတီတော်မြတ်ကြီးသည် မင်းဘူးမြို့ စက္ကိန်းတဲစေတီတော်မြတ်ကြီးနှင့် သမိုင်းဆက်စပ်နေသည့် စေတီတော်ကြီးဖြစ်သည်။

မဟာသက္ကရာဇ် ၁၂၃ ခု ဝါဆိုလပြည့်ကျော် ၈ ရက်နေ့တွင် မြတ်စွာဘုရားသည် သုနာပရန္တတိုင်း (ယခုအခေါ် လယ်ကိုင်း)သို့ ကြွချီ၍ စန္ဒကူးနံ့သာကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ် ဧရာဝတီမြစ်တစ်ဖက်ကမ်းကြစုတောအုပ်မှ ဘီလူးမောင်နှမ ခြောက်ဦးတို့အနက် ဘောကျော်၊ ဘောသော၊ ဘောသူရ၊ ဘောရသညီနောင်လေးဦးအား သိကြားမင်းလျှုဒါန်းသည့် မြသားအတိပြီးသော ရတနာမြသလွန်တော်ကို ချီးမြှင့်တော်မူခဲ့သည်။

ဘောသော၊ ဘောကျော်ဘီလူးညီနောင်သည် ဧရာဝတီမြစ်ကိုဖြတ်၍ မကွေးမြို့သို့မပြန်မီ ထမ်းလာသော ရတနာမြသားသလွန်တော်ကို ခေတ္တချ၍နားခိုခဲ့ပြီး နောင်တွင် ယင်းနေရာ၌ မြသလွန်ချစေတီတော်ကို တည်ခဲ့ကြသည်။

ရှေးဟောင်းသမိုင်းဝင် မြသလွန်ချစေတီတော်မြတ်ကြီးကို ၂၀၀၉ ခုနှစ်တွင် အလှူရှင်တို့က ဘက်စုံမွမ်းမံမှုများ ပြုလုပ်ခဲ့သော်လည်း ယနေ့အချိန်တွင် ဘုရား၏ရင်ပြင်တော်၊ အုတ်တံတိုင်းများနှင့် အခြားသာသနိက အဆောက်အအုံများတွင် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လျက်ရှိသည်။ ထို့ပြင် မြစ်ဘက်အခြမ်းရှိ ခြင်္သေ့ရုပ်တုတစ်ရုပ်သည်လည်း မြစ်ရေတိုက်စားမှုကြောင့် ပျက်စီးပျောက်ကွယ်သွားပြီဖြစ်သည်။

ထို့ကြောင့် ရှေးဟောင်းသာသနိကအဆောက်အအုံဖြစ်သည့် သမိုင်းဝင်မြသလွန်ချ စေတီတော်မြတ်ကြီးကို မြေထိန်းနံရံတည်ဆောက်၍ အချိန်မီထိန်းသိမ်းပြုပြင်မှုများ ပြုလုပ်သင့်ကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

မျိုးမင်း(ထုံးပေါက်တော)

ကိုယ့်ကျိုးသုံးလို့ပေးရတာ၊
အဲ့ဒါ 'အခ' ပါ
အများအကျိုးသုံးစွဲဖို့
'အခွန်' မှန်မှန်ပေးဆောင်စို့

သမဝါယမဝန်ကြီးဌာနအနေဖြင့်

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၂

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ မြို့တော်ခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ နမ္မတူမြို့နယ်များမှ သမဝါယမဦးစီးဌာနမှူးများ၊ ဝန်ထမ်းများ၊ အသင်းစုဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အခြေခံသမဝါယမအသင်းသားများ စုစုပေါင်းအင်အား ၄၀၀ နှင့် တွေ့ဆုံ၍ သမဝါယမစနစ်သည် မြန်မာနိုင်ငံသို့ နှစ်ပေါင်း ၁၀၀ ကျော်သည့်တိုင် ပြည်သူကို အကျိုးပြုခဲ့သည်များရှိကြောင်း၊ ယနေ့အစိုးရသစ်လက်ထက်တွင်လည်း သမဝါယမဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူလူထုနှင့် မြို့ပြနေအခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများ၌ပင် သမဝါယမလုပ်ငန်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်း သမဝါယမစီးပွားရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် အသင်းသားများ လိုအပ်လျက်ရှိသော အရင်းအနှီးချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခြင်း၊ အသုံးအဆောင်ပစ္စည်းများ၊ လယ်ယာသုံးကိရိယာများအား ဘဏ်နှင့်ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဆောင်ရွက်

အသင်းသားများအနေဖြင့်လည်း မိမိတို့အချင်းချင်း ထိန်းကျောင်းသည့် ဝိုင်းကြီးချုပ်စနစ်ကိုကျင့်သုံးပြီး လုပ်ငန်းများအောင်မြင်လိုစိတ် ထားရှိကြရမည်ဖြစ်ကြောင်း၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီအဖွဲ့ဝင် မြို့မိမြို့ဖများ၊ သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် အသင်းဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

■ **ရှေ့ဖုံးမှ**

ထို့နောက် မစိုးရိမ်ကျောင်းတိုက်နာယကဆရာတော်ကြီးများအား ဖူးမြော်၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းပြီး ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန အစီအစဉ်များနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားခဲ့သည်။

မစိုးရိမ်ဆရာတော်ကြီးသည် သက်တော်(၈၉)နှစ်၊ ဝါတော်(၆၉)ဝါအရ ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ အေးရိပ်ငြိမ်သုသာန်၌ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ထူးခြားသည့် ညအပူချိန်များ

၁၂-၁-၂၀၁၄

ဟားခါးမြို့
၁ ဒီဂရီစင်တီဂရိတ်

ဟဲဟိုးမြို့
၂ ဒီဂရီစင်တီဂရိတ်

ပင်လောင်းမြို့
၃ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘဝနတ်ထံ ပျံလွန်တော် မူ သွား သည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက် မဟာနာယက ဆရာတော်ကြီး အဘိဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇော သာရာဘိဝံသ၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

မိတ္ထီလာမြို့ ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းစွာဖြင့် နေ့စဉ်လူမှုဘဝကို ဖြတ်သန်းသွားလာလှုပ်ရှားနေသည့်မြင်ကွင်းများ

မိတ္ထီလာမြို့ ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းစွာဖြင့် နေ့စဉ်လူမှုဘဝကို ဖြတ်သန်းသွားလာလှုပ်ရှားနေသည်ကို တွေ့မြင်ရစဉ်။

ဓာတ်ပုံ
ချမ်းသာ (မိတ္ထီလာ)

နိုင်ငံတကာသတင်း

တရုတ်နိုင်ငံ၌ရေအောက် အနက်မီတာ ၃၀၀ သို့ ဒိုင်ဗင်ထိုးသွားရောက်ခဲ့မှု အောင်မြင်

ပေကျင်း ဇန်နဝါရီ ၁၂

တရုတ်ဒိုင်ဗင်သမား သုံးဦးတို့သည် ရေအောက်အနက် မီတာ ၃၀၀ သို့ ပထမဆုံး သွားရောက်လေ့လာခဲ့မှုသည် ယနေ့နံနက်ပိုင်း၌ အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။ ယခုအခါ ၎င်းတို့ သုံးဦးသည် သင်္ဘောပေါ်ပါ အသက်ကယ်ခန်း၌ အန္တရာယ်ကင်းစွာဖြင့် ရှိနေပြီဖြစ်သည်။

ရေအောက်အနက် မီတာ ၃၀၀ ဟု ရည်ရွယ်ထားသော်လည်း အမှန်တွင် တောင်တရုတ်ပင်လယ်ရေအောက်အနက် ၃၁၅ ဒသမ ၅ မီတာ ထိရောက်ရှိခဲ့သည်။ ဒိုင်ဗင်သမား သုံးဦးသည် သင်္ဘောဆီသို့ ယနေ့နံနက် ၅ နာရီ ၉ မိနစ်က ပြန်ရောက်လာခဲ့ခြင်းဖြစ်သည်။ လူသားတစ်သျှူး အရည်ထဲ၌ ဓာတ်မပြုသောဓာတ်ငွေ့ ပြည့်ကျပ်နေစေခြင်းဖြင့် ရေအောက်အနက်များစွာတွင် သက်ရှိလူသားတို့ မည်သို့ရပ်တည်မည်ဟူသည့် နည်းပညာကို လေ့လာခြင်းဖြစ်သည်။

ယနေ့နံနက် ၈ နာရီတွင် နောက်ထပ် အခြားဒိုင်ဗင်သမား သုံးဦးအား ရေအောက်သို့ သွားရောက်စေမည်ဖြစ်ပြီး ၎င်းတို့ကို မွန်းလွဲ ၂ နာရီ တွင် ရေအောက်မှ ပြန်ရောက်မည်ဟု စီစဉ်ထားသည်။ ပြီးနောက် အဆိုပါ သုံးဦးအား ဇန်နဝါရီ ၂၄ ရက်အထိ ၎င်းတို့၏ တစ်သျှူးရည်များ ပုံမှန်အခြေအနေဖြစ်စေသည်အထိ ဓာတ်မပြုသော ဓာတ်ငွေ့ခန်းထဲ၌ နေခိုင်းမည်ဖြစ်သည်။ တရုတ်တို့သည် ပင်လယ်ရေအောက် မီတာ ၅၀၀ အနက်အထိ ဒိုင်ဗင်ထိုးကာရေအောက်အခြေအနေလေ့လာရေး နည်းပညာထွန်းကားမှုအတွက် အားကြိုးမာန်တက် ဆောင်ရွက်နေကြခြင်း ဖြစ်သည်။

(ဆင်ဟွာ)

၂၀၁၃ ခုနှစ် မေလ ၁၆ ရက်က တောင်ကိုရီးယားနိုင်ငံရှိ လေ့ကျင့်ရေးကွင်း၌ တွေ့ရသော အမေရိကန် တပ်ဖွဲ့ဝင်များ။

အမေရိကန်တပ်ဖွဲ့များအား ဒေါ်လာ ၈၆၇ သန်း ၂၀၁၄ ခုနှစ်အတွင်းပေးရန် တောင်ကိုရီးယားကတိပြု

ဆိုးလ် ဇန်နဝါရီ ၁၂

တောင်ကိုရီးယားသည် ယင်းနိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့များ ချထားခြင်းအတွက် ကုန်ကျစရိတ်အဖြစ် ဝမ် ၉၂၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၆၆ ဒသမ ၈၆ သန်း) ကို ယခုနှစ်အတွင်း ပေးအပ်သွားရန် ကတိပြုထားကြောင်း၊ အဆိုပါငွေကြေးပမာဏသည် လွန်ခဲ့သည့် တစ်နှစ်ကာလကထက် ၅ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် ယမန်နှစ်စောစောပိုင်းကစကာ ညှိနှိုင်းဆွေးနွေးမှုများတစ်ခုပြီးတစ်ခု ပြုလုပ်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင် ၂၈၅၀၀ ကို စရိတ်မျှပေးစနစ်ဖြင့် တောင်ကိုရီးယားနိုင်ငံအတွင်းချထားပေးမည့် ငါးနှစ်စီမံကိန်းတစ်ရပ်ကို စတင်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံနှင့် အီရတ်နိုင်ငံတွင် ဆယ်စုနှစ်တစ်ခုကျော်ကြာ စစ်ပွဲများ ပြီးဆုံးခဲ့ပြီးနောက် အာရှဒေသ စစ်ရေးချိန်ခွင်လျှာ ပြန်လည်ချိန်ညှိမှု တစ်စိတ်တစ်ဒေသအဖြစ် စစ်သည်များနှင့် တင့်ကားများကို လာမည့်လအတွင်း တောင်ကိုရီးယားသို့ ပိုမိုပို့ဆောင်သွားရန် ဝါရှင်တန်အစိုးရကဆုံးဖြတ်ခဲ့ပြီးနောက် အဆိုပါ သဘောတူညီချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ထမ်းဆောင်

မြောက်ကိုရီးယားနှင့် စစ်ဖြစ်နေဆဲ အခြေအနေတွင် ရှိနေသည့် တောင်ကိုရီးယားအနေဖြင့် နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့များ ချထားခြင်းအတွက် ကုန်ကျစရိတ်၏ တစ်စိတ်တစ်ဒေသကို ထမ်းဆောင်ရန်တာဝန်ရှိရာ လက်ရှိအခြေအနေတွင် ကုန်ကျစရိတ်၏ ၄၀ ရာခိုင်နှုန်းကို ကျခံနေရသည်။

(ရိုက်တာ)

ဂျပန်ရေပိုင်နက်တွင်းသို့ တရုတ်သင်္ဘောများဝင်ရောက်

ကျိုတို ဇန်နဝါရီ ၁၂

ရှင်ကာကူကျွန်းအနီး ဂျပန်ရေပိုင်နက်အတွင်းသို့ တရုတ်လှည့်ကင်းသင်္ဘောသုံးစင်း ယနေ့နံနက်ပိုင်းက ဝင်ရောက်ခဲ့သည်ဟု အင်န်အိတ်ချ်ကေ သတင်းတွင် ရေးသားထားသည်။

ရှင်ကာကူကမ်းရိုးတန်း၏ ကူဘာရှီမားကျွန်း အလွန်နေရာ၌ ယနေ့နံနက်ပိုင်း ၈ နာရီခွဲတွင် တရုတ်သင်္ဘောများကို ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က တွေ့ခဲ့ခြင်းဖြစ်ကြောင်း ဆိုထားသည်။

ဂျပန်ပိုင်နက် ရေပြင်မှ ချက်ချင်းထွက်ခွာရန် ကမ်းခြေစောင့်တပ်ဖွဲ့က သတိပေးခဲ့သည်။ တရုတ်ရေယာဉ်သင်္ဘောများသည် အဆိုပါ ရေပိုင်နက်အတွင်း နောက်ထပ်နှစ်နာရီကြာပြီး ပြန်လည်ထွက်ခွာသွားသည်ဟု သိရသည်။

ပထမဆုံးဝင်ရောက်

ဂျပန်ရေပိုင်နက်အတွင်းသို့ တရုတ်သင်္ဘောများ ဝင်ရောက်ခြင်းသည် ဒီဇင်ဘာ ၂၉ မှစကာ ယခုအခါ ပထမဆုံးဝင်ရောက်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံက ရှင်ကာကူကျွန်းများကို ထိန်းသိမ်းထားပြီး တရုတ်နိုင်ငံနှင့် တရုတ်တိုင်ပေတို့ကလည်း ၎င်းတို့ပိုင်သည်ဟု အခိုင်အမာဆိုကြသည်။

ဂျပန်တို့ကလည်း နိုင်ငံတကာဥပဒေအရရော၊ သမိုင်းကြောင်းအရပါ ၎င်းတို့ပိုင်ကျွန်းများဖြစ်သည်ဟု ဆိုကြသည်။ **(အင်န်အိတ်ချ်ကေ)**

အိုလံပစ်သမိုင်းတစ်လျှောက် အတင်းကျပ်ဆုံး လုံခြုံရေးစစ်ဆေးမှုကို ရုရှားကပြုလုပ်လျက်ရှိသည်ကို တွေ့ရစဉ်။

ဆောင်းရာသီအိုလံပစ်မတိုင်မီရက်သတ္တပတ်အနည်းငယ်အလိုတွင် စစ်သွေးကြွ ငါးဦးကို ဗုံးများနှင့်အတူ ရုရှားတွင်ဖမ်းဆီးမိ

မော်စကို ဇန်နဝါရီ ၁၂

စစ်သွေးကြွအုပ်စုတစ်စုမှ အဖွဲ့ဝင်ငါးဦးကို သတ္တုအစအနများ ထည့်သွင်းပြုလုပ်ထားသည့် လက်လုပ်ဗုံးတစ်လုံးနှင့်အတူ ရုရှားနိုင်ငံတောင်ပိုင်းတွင် ယမန်နေ့က ဖမ်းဆီးရမိလိုက်ရာ ဆိုချီတွင် ကျင်းပမည့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကျင်းပရန် ရက်သတ္တပတ်အနည်းငယ်အလိုတွင် ကြုံတွေ့ရသော လုံခြုံရေးဆိုင်ရာ စိုးရိမ်ဖွယ်အခြေအနေ နောက်တစ်ရပ်ပင်ဖြစ်သည်။

ဘာသာရေးအစွန်းရောက် စစ်သွေးကြွများက အဆိုပါ အိုလံပစ်ပြိုင်ပွဲကို တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ထားကြပြီး ပြီးခဲ့သည့်လအတွင်းက ရုရှားတောင်ပိုင်းမြို့ ဗော်လ်ဂိုဂရက်တွင် အသေခံဗုံးခွဲသမားများ တိုက်ခိုက်မှုကြောင့် လူ ၃၄ ဦးသေဆုံးခဲ့ရသည်။ ဆိုချီအိုလံပစ်ပြိုင်ပွဲအောင်မြင်မှုသည် သမ္မတပူတင်၏ နိုင်ငံရေးနှင့် ပုဂ္ဂိုလ်ရေးဂုဏ် သိက္ခာမြင့်မားစေမည်ဖြစ်သည့်အလျောက် တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်မှုများကို အမျိုးသား အဆင့်ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ရုရှားနိုင်ငံ၏ အမျိုးသားအကြမ်းဖက်မှု ဆန့်ကျင်တိုက်ဖျက်ရေးကော်မတီ (အင်န်အေစီ)၏ အဆိုအရ ယခုနောက်ဆုံးဖမ်းဆီးရမိမှုများသည် ကော့ကေးဆပ်ဒေသရှိ ဆိုချီမြို့မှ မိုင် ၁၉၀ ခန့်အကွာ နယ်လ်ချစ်ခ်မြို့တွင်ဖြစ်ပွားခဲ့ပြီး အစ္စလာမ့်စ်ပြည်နယ်အဖြစ် ခွဲထွက်ရန် လှုပ်ရှားနေသော သောင်းကျန်းသူများ တည်ရှိရာနယ်မြေဖြစ်သည်ဟု ဆိုသည်။

(ရိုက်တာ)

မြန်မာ့သစ်လုပ်ငန်း
ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်း/စက်ဌာနမှ ကျွန်းသစ်လုံး၊ ကျွန်းခွဲသားနှင့် သစ်မာခွဲသားများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်**	-	၂၄-၁-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်**	-	ကျွန်းသစ်လုံး ၃၅၈၇ တန်
	-	ကျွန်းခွဲသား/ပုံစံ(၈) ၃၄၈ တန်
	-	တမလန်း (ဓားရွေ) ၂၂၅ တန်
	-	ပိတောက်(ခွဲသား/ဓားရွေ) ၂၆ တန်
(ဂ) **ရောင်းချမည့်နေရာ**	-	တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)၊ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)နှင့် web-site ဖြစ်သော www. myanmatimber. com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း

အနိုင်ယူမယ့် မန်စီးတီးနဲ့ ဖူလ်ဟမ်တို့ရဲ့ အက်ဖ်အေဖလားတတိယအဆင့်ပြန်ကန်ပွဲစဉ်

မိုးမြင့် လင်းလက်

အက်ဖ်အေဖလား တတိယအဆင့်ပြန်ကန်ပွဲစဉ်တွေကို ဇန်နဝါရီ ၁၅ ရက်မှာကစားတဲ့အခါ မန်စီးတီးနဲ့ဘလက်ဘန်း၊ ဖူလ်ဟမ်နဲ့နော့ဝှစ်ချ်၊ ဝက်ဖို့ဒ်နဲ့ ဘရစ္စတိုးတို့ရဲ့ ပွဲစဉ်တွေက စိတ်ဝင်စားစရာနဲ့ရင်ခုန်စရာကောင်းနေပါတယ်။ ဒီပွဲစဉ်မှာ အိမ်ကွင်းမှာကစားရမယ့် မန်စီးတီးတို့ကတော့ ရာနှုန်း ပြည့်အနိုင်ရဖို့ အားထုတ်သွားမှာ သေချာနေတာမို့ ပွဲကောင်းပါပဲ။

မန်စီးတီးနှင့် ဘလက်ဘန်း

မန်စီးတီးကွင်းမှာ နောက်ဆုံးဆုံခဲ့တဲ့ သုံးပွဲစလုံးမှာ ဘလက်ဘန်းတို့ နိုင်ပွဲမရခဲ့ပါဘူး။ ဒါပေမယ့် မန်စီးတီးကို သရေကစားနိုင်တဲ့ ဘလက်တန်းခြေကို သတိထားရပါလိမ့်မယ်။ မန်စီးတီးရဲ့ အိမ်ကွင်းနောက်ဆုံးငါးပွဲကစားခဲ့တာရှုံးပွဲမရှိခဲ့တာမို့ အခုပွဲမှာ ဘလက်ဘန်းတို့ကံကောင်းမှ တစ်မှတ်ရနိုင်တဲ့ အနေအထားရှိပါတယ်။ မန်စီးတီးဟာ တိုက်စစ်မှူး အဂူရိုပြန်ကစားနိုင်ရင်တော့ ဒီပွဲမှာ ဂိုးပြတ်နိုင်ပေမယ့် ဘလက်ဘန်းတို့က ခြေကုန်ထုတ်မှာမို့ လျှော့တွက်လို့ မရပါဘူး။ ဒါပေမယ့် မန်စီးတီးတို့ ဒီပွဲမှာ အမှားအယွင်းလုပ်မှာတော့ မဟုတ်ပါဘူး။

ဖူလ်ဟမ်နှင့် နော့ဝှစ်ချ်

ဖူလ်ဟမ်ကွင်းမှာ နော့ဝှစ်ချ်တို့ ရှုံးပွဲများခဲ့တာမို့ အခုပွဲမှာလည်း အနိုင်ရလဒ်ကို မျှော်မှန်းလို့ မရနိုင်ပါဘူး။ ဖူလ်ဟမ်ရဲ့ခြေစွမ်းက အတက်အကျရှိနေပေမယ့် နော့ဝှစ်ချ်ကို ငယ်နိုင်လိုဖြစ်နေတာမို့ စိတ်ဓာတ်အသာစီးနဲ့ ကစားပြီး ဖူလ်ဟမ်တို့နိုင်ပွဲကို ရယူသွားမှာပါ။

ဝက်ဖို့ဒ်နှင့် ဘရစ္စတိုး

ခြေရည်တူနှစ်သင်းမို့ အကြိတ်အနယ်ရှိမှာ သေချာပါတယ်၊ ပထမအကြိမ်မှာ သရေပွဲဖြစ်ထားပေမယ့် ဝက်ဖို့ဒ်ကွင်းမှာ ဘရစ္စတိုးတို့ ခက်ခဲပါလိမ့်မယ်။ ဝက်ဖို့ဒ်ကွင်းမှာသရေပွဲဖြစ်ထားခဲ့တဲ့ ရလဒ်ရှိထားပေမယ့် အခုပွဲမှာပြတ်သားတဲ့ရလဒ်ပုံဖော်ဖို့လိုအပ်တာမို့ အိမ်ရှင်ဖြစ်တဲ့ ဝက်ဖို့ဒ်ဟာ ခြေကုန်ထုတ်ပြီးအနိုင်ရယူဖို့ကြိုးပမ်းပါလိမ့်မယ်။

ပီတာဘာရော့နှင့် ဟာရီရာ

ပထမအကျော့ ဂိုးမရှိသရေပွဲဖြစ်ထားပေမယ့် အခုပွဲမှာတော့ ပီတာဘရော့တို့ပြတ်သားတဲ့အနိုင်ရလဒ်ကိုသိမ်းပိုက်ပါလိမ့်မယ်။ အသင်းငယ်ဟာရီရာတို့ကတော့ အခုလို နှစ်ကျော့ပြန်ကန်ရတာကိုပဲဂုဏ်ယူစရာအဖြစ် ကျေနပ်ရမှာဖြစ်ပြီး အနိုင်ဆိုတာ မမျှော်မှန်းနိုင်တဲ့ အရာအဖြစ် သတ်မှတ်ရမှာပါ။

ပရက်စတန်နှင့် အစ်ဆွစ်

ဒီနှစ်သင်းတွေ့ဆုံမှုက အပြန်အလှန် ထိုးဖောက်ကစားမှုတွေရှိခဲ့တာချည်းပဲ ဖြစ်ပါတယ်။ ပရက်စ်တန်တို့ခြေစွမ်းတက်နေတာမို့ အစ်ဆွစ်တို့ အသာစီးရဖို့ မလွယ်ပါဘူး။ နောက်ဆုံးငါးပွဲမှာ သရေပွဲတွေများနေတဲ့ အစ်ဆွစ်ဟာ နိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့ ပရက်စတန်ကို ပင်ပန်းစွာရင်ဆိုင်ရပါလိမ့်မယ်။ ပရက်စတန်ဟာ ဒီနှစ်လိဂ်(၁) ပြိုင်ပွဲမှာအိမ်ကွင်း ၁၂ ပွဲမှာနှစ်ပွဲသာရှုံးထားတာမို့ ညှိသည်အစ်ဆွစ်တို့အတွက် မျှော်လင့်ချက်ထားလို့မရတဲ့ ပွဲပါပဲ။

ရှက်ဖီးနှင့်မက်လက်စ်ဖီးလ်

ပထမအကျော့ မက်လက်စ်ဖီးလ်ကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ထားပေမယ့် ရှက်ဖီးကွင်းမှာတော့ အဲဒီရလဒ်ကိုတောင်မက်လက်စ်ဖီးလ်တို့မျှော်လင့်လို့မရနိုင်ပါဘူး။ အပျော်တမ်းကလပ်မက်လက် ဖီးလ်ဟာရှက်ဖီးရဲ့ အားထည့်ကစားမှုအောက်မှာ ရှုန်းကန်ရင်းနဲ့ အောင်ပွဲခံသံတွေ ဆိတ်သုဉ်းသွားမှာ ဖြစ်ပါတယ်။

ပလိုင်းမောက်နှင့် ပေါ့ဗေးလ်

ပလိုင်းမောက်ကွင်းမှာ ပေါ့ဗေးလ်တို့အနိုင်ကစားနိုင်ပေမယ့် လောလောဆယ်မှာ ပလိုင်းမောက်တို့ကလည်း ငါးပွဲဆက်တိုက်ရှုံးပွဲမရှိကစားထားတာမို့ ပေါ့ဗေးလ်တို့ ရည်မှန်းချက်ပြည့်ဝဖို့မလွယ်လောက်ပါဘူး။ လိဂ်(၂)ကလပ်အသင်း ပလိုင်းမောက်တို့ရဲ့ ကြိုးစားမှုတွေကနိုင်ပွဲအဖြစ်ရရှိမှာ ဖြစ်ပါတယ်။ ။

ဒီဖိုး ကနေဒါကလပ်သို့ ပြောင်း

စပါးနှင့်အင်္ဂလန်တိုက်စစ်မှူး ဒီဖိုးသည် ကနေဒါကလပ်တိုရွန်တို အက်ဖ်စီသို့ ပေါင် ၆ သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူလိုက်သည်။ အသက် ၃၁ နှစ်ရှိ ဂျာမိန်းဒီဖိုးသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ကနေဒါကလပ်သို့ ရောက်ရှိမည်ဖြစ်သည်။ ယင်းကြားကာလတွင် စပါးအတွက် ကစားပေးမည်ဖြစ်သည်။ ဝက်စ်ဟမ်းတိုက်စစ်မှူးဟောင်း ဒီဖိုးအား တိုရွန်တိုကလပ်က လေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ ၄င်းသည် တစ်ပတ် ပေါင် ၉၀၀၀၀ ရနိုင်ခြေရှိသော်လည်း တစ်ပတ် ပေါင် ၆၈၀၀၀ ဖြင့် ကစားရမည်ဖြစ်သည်။ "ကျွန်တော့်အနေနဲ့ အသင်းအတွက် အကောင်းဆုံးကစားပေးသွားမှာပါ"ဟု စပါးအတွက် ပွဲပေါင်း ၂၅၀ ကျော် ကစားပေးခဲ့သော ဒီဖိုးက ပြောသည်။

ချန်ပီယံရှစ်တွင် လက်စတာ ဦးဆောင်

အင်္ဂလိပ် ချန်ပီယံရှစ် ပြိုင်ပွဲတွင် လက်စတာအသင်းသည် ဒါဘီကိုလေးဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ဇယားထိပ်တွင် ခုနစ်မှတ်အသာဖြင့် ဦးဆောင်နေသည်။ လက်စတာစီးတီးအသင်းသည် လွန်ခဲ့သော ကိုးပွဲတွင် ရှစ်ပွဲမြောက်အဖြစ် အနိုင်ရလိုက်ခြင်းဖြစ်သည်။ လက်စတာစီးတီးအသင်းသည် ခြေစွမ်းပြလာပြီး လာမည့် နှစ်ပရီမီယာလိဂ်သို့ တန်းတက်ရန် ရေပန်းစားလာသည်။ လက်ရှိအနေအထားတွင် အမှတ်ပေးဇယား၌ ခုနစ်မှတ်အသာဖြင့် ဦးဆောင်နေသည်။ လက်စတာစီးတီးအသင်းသည် ယခုနှစ် ချန်ပီယံရှစ်တွင် အကောင်းဆုံး အသင်းတစ်သင်းဖြစ်လာသည်။

အဲဗာတန်တိုက်စစ်မှူး ဟားလ်စီးတီးခေါ်ယူ

အဲဗာတန် တိုက်စစ်မှူး ဂျလဗစ်အား ဟားလ်စီးတီးအသင်းက ခေါ်ယူရန် သဘောတူလိုက်သည်။ ခရိုအေးရှားတိုက်စစ်မှူး ဂျလဗစ် ကစားမည့် သက်တမ်းနှင့် ပတ်သက်၍ ဟားလ်စီးတီးအသင်းနှင့် ဆွေးနွေးလျက်ရှိသည်။ အသက် ၂၈ နှစ်ရှိ တိုက်စစ်မှူး ဂျလဗစ်အား ကမ္ဘာ့ဖလားကစားရန် ယခုလတွင် ထွက်ခွာခွင့်ပေးမည်ဖြစ်ကြောင်း အဲဗာတန်နည်းပြ မာတီနက်ဇ်က ပြောကြားသည်။

ဂျလဗစ်သည် ယခုနှစ် ပရီမီယာလိဂ်တွင် အစပွဲ ငါးပွဲ ပါဝင်ကစားပေးထားသည်။ ၄င်းသည် ယခုနှစ် ပရီမီယာလိဂ်ပွဲ ၂၀ တွင် ၂၂ ဂိုးသွင်းယူပေးထားသည်။ ၄င်းသည် ပြီးခဲ့သည့် သီတင်းပတ်ကုန်ပိုင်းက အက်ဖ်အေပြိုင်ပွဲတွင် QPR ကို လေးဂိုးပြတ်ဖြင့် အနိုင်ရစဉ် နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ၄င်းသည် လွန်ခဲ့သောနှစ်နှစ်က ရိန်းဂျားစ်အသင်းမှ ပေါင် ၅ ဒသမ ၅ သန်း ဖြင့် အဲဗာတန်တို့ ပြောင်းလာခဲ့သည်။

စတာရစ် ပြန်ကစားမည်

လီဗာပူး တိုက်စစ်မှူး တစ်ဦးဖြစ်သည့် စတာရစ်သည် ဒဏ်ရာမှ ပြန်ကောင်းလာပြီဖြစ်၍ ကစားရန်အသင့်ဖြစ်နေပြီဖြစ်သည်။ အသက် ၂၄ နှစ်ရှိ အင်္ဂလန်တိုက်စစ်မှူး စတာရစ်သည် နိုဝင်ဘာ ၂၃ ရက်ကတည်းက ခြေမျက်စိထိခိုက်ဒဏ်ရာရခဲ့သည်။ ၄င်းသည် ပရီမီယာလိဂ်ပွဲများတွင် ပါဝင်လာနိုင်သည်။

စတာရစ်သည် ယခုနှစ် ပရီမီယာလိဂ် ၁၂ပွဲတွင် ကိုးဂိုးသွင်းယူ ပေးထားသည်။

လွန်ခဲ့သော ၁၂လက ချယ်လ်ဆီးမှ ရောက်လာသော စတာရစ်သည် အကောင်းဆုံးခြေစွမ်းပြလိမ့်မည်ဟု နည်းပြက မျှော်လင့်ထားသည်။

■ကောင်းမြတ်သူ - စုစည်းသည်

နိုင်ငံတကာအားကစားသတင်း

နိုင်ငံတကာပြည်တွင်းလိဂ်ပွဲစဉ်များနှင့် ဂိုးရလဒ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၂၁			**ဇန်နဝါရီ ၁၄**
အက်စ်တွန်ဗီလာ	-	အာဆင်နယ်	နံနက် ၂း၃၀
အီတလီစီးရီးအေ ပွဲစဉ်-၁၉			**ဇန်နဝါရီ ၁၄**
ဆမ်ဒိုးရီးယား	-	အူဒီးနိစ်	နံနက် ၀၀း၃၀
အင်တာမီလန်	-	ချီယေးဗို	နံနက် ၂း၃၀
စပိန်လာလီဂါ ပွဲစဉ်-၁၉			**ဇန်နဝါရီ ၁၄**
ဗီလာရီးရဲလ်	-	ဆိုစီဒက်	နံနက် ၃း၃၀

အင်တာမီလန် Vs ချီယေးဗို

အင်တာဟာ ပွဲစဉ်(၁၈)အပြီးမှာ ရမှတ် ၃၁မှတ်နဲ့ အဆင့်ခြောက်မှာရှိနေပြီး ချီယေးဗိုဟာ ရမှတ် ၁၆မှတ်နဲ့ အဆင့်(၁၈)မှာရှိနေပါတယ်။ အဲဒီနှစ်သင်းတွေ့ဆုံတဲ့ အင်တာအိမ်ကွင်းနောက်ဆုံးလေးပွဲတွင် အင်တာတို့ လေးပွဲစလုံးအနိုင်ရ ထားပါတယ်။ အင်တာအသင်းသည် ကိုပါအီတာလီယာဖလားတွင် အူဒီးနိစ်ကို ရှုံးနိမ့်ခဲ့သဖြင့် လာလီဂါတွင်လည်း ဇယားထိပ်ဆုံးရောက်အောင် မစွမ်းဆောင် နိုင်တော့ ယူရိုပါလိဂ်အဆင့်ဝင်အောင်သာ ရုန်းကန်မှာပါ။ အင်တာတို့ အဝေး ကွင်း ရှုံးပွဲတွေနဲ့ ကြုံတွေ့နေရလို့ အိမ်ကွင်းအခွင့်အရေးမှာ အမှတ်ပြည့် ယူပြီး ဂိုးပါပြတ်နိုင်လို့ အိမ်ရှင်ကို ကြိုက်မိပါတယ်။

ဇန်နဝါရီ ၁၁/၁၂ ဘောလုံးပွဲ ရလဒ်များ

ဟားလ်စီးတီး	၀-၂	ချယ်လ်ဆီး
ကာဒစ်ဖ်	၀-၂	ဝက်စ်ဟမ်း
အဲဗာတန်	၂-၀	နော့ဝှစ်ချ်
ဖူလ်ဟမ်	၁-၄	ဆန်းဒါးလန်း
ဆောက်သမ်တန်	၁-၀	ဝက်စ်ဘရွန်း
စပါး	၂-၀	ပဲလေ့စ်
မန်ယူ	၂-၀	ဆွမ်ဆီး
လီဗော်နို	၀-၃	ပါးမား
ဘိုလော့ဂ်နာ	၀-၀	လာဇီယို
ဘီလ်ဘာအို	၆-၁	အယ်လ်မာရီးယား
အက်သလက်တီကို	၀-၀	ဘာစီလိုနာ
အယ်လ်ချီ	၁-၁	ဆီဗီလာ
အဂျာစီယို	၁-၂	ပီအက်စ်ဂျီ
ဗလင်စီနက်စ်	၃-၂	ဘတ်စ်တီယာ
ရန်းနက်စ်	၀-၀	နိုက်စ်
လိုင်ယွန်	၂-၀	ဆိုးချော့စ်
ဂူအင်ဂမ့်	၀-၀	စိန့်အက်တီယန်
ဘော်ဒိုး	၀-၁	တူးလော့စ်
ရှက်ဖီးဝမ်းနက်စ်ဒေး	၆-၀	လိဒ်
ယီအိုဗီး	၁-၂	ဘန်လေ
ဘော်လ်တန်	၁-၁	ရီးဒင်း
ဘရိုက်တန်	၁-၀	ဘာမင်ဂမ်
ဘလက်ပူးလ်	၀-၂	မစ်ဒယ်ဘရော့
ဟက်ဒါဖီးလ်	၁-၀	မီဝေါ
ဘလက်ဘန်း	၁-၀	ဒွန်ကတ်စတာ
အစ်ဆွစ်	၁-၃	ကျူပီအာ
ဝီဂန်	၃-၀	ဘုန်းမောက်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ ရန်ကုန်မြို့ယာဉ်ကြောပိတ်ဆို့မှု

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

တလောက ညစာစားပွဲတစ်ခုမှာ နိုင်ငံခြားသားဧည့်သည်တစ်ဦးနဲ့ စကားပြောဖြစ်တယ်။ ထွေရာလေးပါးပြောရင်းနဲ့ နောက်ဆုံး ရန်ကုန်မြို့မှာတွေ့ကြုံနေရတဲ့ ယာဉ်ကြောပိတ်ဆို့မှုအကြောင်း စကားစပ်မိပြီးပြောဆိုမိတယ်။ ဒီဧည့်သည်က ကမ္ဘာအနှံ့ရောက်ဖူးတဲ့သူ။

သူ့ရဲ့သုံးသပ်ချက်ဟာ စိတ်ဝင်စားစရာပါ။ ရန်ကုန်မှာ ကြုံရတဲ့ယာဉ်ကြောပိတ်ဆို့မှုက တခြားမြို့တွေမှာသူကြုံရတဲ့ ယာဉ်ကြောပိတ်ဆို့မှုနဲ့မတူဘူးတဲ့။ တချို့မြို့တွေမှာ ယာဉ်ကြောပိတ်ဆို့မှုကို အခြေခံပြီးဖြစ်တဲ့ ပဋိပက္ခတွေကို အမြဲလိုလိုကြားသိခဲ့ပေမယ့် ရန်ကုန်မှာတော့လူတွေကြည့်ရတာ အေးအေးဆေးဆေးပဲ ပိတ်ဆို့မှုကိုသည်းခံပြီး ရင်ဆိုင်နေကြတယ်လို့ မှတ်ချက်ချခဲ့တယ်။

သူပြောတာကတော့ စဉ်းစားစရာတစ်ခုပါ။ ကျွန်တော်လည်း နိုင်ငံအနှံ့မှာ ယာဉ်ကြောပိတ်ဆို့မှုဒဏ်ကိုခံခဲ့ရပါတယ်။ ဒီအတွေ့အကြုံတွေထဲက အဆိုးဆုံးကတော့ နိုင်ဂျီးရီးယားနိုင်ငံမြို့တော်ဖြစ်တဲ့ လေဂို့စ်မြို့မှာဖြစ်တယ်။ တာဝန်နဲ့သွားခဲ့ပြီးအပြန် တည်းခိုတဲ့ဟိုတယ်ကနေ လေယာဉ်ကွင်းအသွားမှာ ယာဉ်ကြောတွေပိတ်နေတာနဲ့ ကြုံခဲ့တယ်။ တစ်လမ်းလုံး ဟိုဘက်ဒီဘက် သွားလို့မရတော့ဘူး။ ရုံးကကြိုတင်သိလို့ထင်ပါရဲ့။ ရဲလုံခြုံရေးကားတစ်စီး ထည့်ပေးလိုက်တာမို့ ရဲကားမီးနီထွန်းပြီးသွားပေမယ့် လုံးဝမရွေ့ဘူး။ ဒီထဲမှာ လူတွေကလည်း ရိုင်းပျကြတယ်။ အော်ဟစ်ကြ၊ ဆဲဆိုကြ၊ ကားဟွန်းတွေကိုလည်း မပြတ်တီး၊ ခရီးသည်တင်ယာဉ်တွေ၊ ကိုယ်ပိုင်ကားတွေ၊ လုပ်ငန်းသုံးကားတွေပြည့်ကျပ်နေတာ။

လမ်းပေါ်မှာ သုံးနာရီလောက်ကြာသွားတယ်။ နယူးယောက်မြို့၊ ဒါကာမြို့နဲ့ဗန်ကောက်မြို့မှာ ကျွန်တော်တာဝန်ကျခဲ့တုန်း၊ ယာဉ်ကြောပိတ်ဆို့မှုဒဏ်ကို ကောင်းကောင်းခံစားခဲ့ရတယ်။ နယူးယောက်မြို့မှာ ယာဉ်ကြောပိတ်တာက ကားအရေအတွက်များလို့ဖြစ်တယ်။ ပုံမှန်ယာဉ်ကြောကချောမွေ့ပါတယ်။ ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပတဲ့ သုံးလကာလမှာတော့ ယာဉ်ကြောပိတ်ဆို့မှုကို ကောင်းကောင်းကြီးခံစားခဲ့ရတယ်။ အရေးကြီးပုဂ္ဂိုလ်တွေ၊ သမ္မတကြီးတွေ၊ ဝန်ကြီးချုပ်တွေစုပြုံရောက်လာပြီး လုံခြုံရေးကလည်း အရေးကြီးနေတော့ ယာဉ်ကြောတွေက အတော်ဆိုးရွားခဲ့တယ်။

ဒါကာမြို့ကျတော့ မော်တော်ယာဉ်တွေများလို့မဟုတ်ဘဲ လူတွေများလို့ဖြစ်တယ်။ ဆိုက်ကားတွေကလည်း ပြွတ်သိပ်နေတာ။ ကားတွေနဲ့အပြိုင် လမ်းသွားတဲ့လူတွေကလည်း အများကြီး။ ခြေချစရာ၊ သွားစရာနေရာ မရှိလောက်အောင်ပဲ။ ဗန်ကောက်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့မှုပုံစံကကျတော့ တစ်မျိုး။ ကားလည်းများတယ်။ လူလည်းများတယ်။ ဒါကြောင့် ရုံးတက်၊ ရုံးဆင်းချိန်တွေကို ယာဉ်ကြောပိတ်ဆို့မှုကိုရှောင်ပြီး ရွေးချယ်ခွင့်ပြုကြတယ်။

ရန်ကုန်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့မှုက လွန်ခဲ့တဲ့နှစ်နှစ်အတွင်း ရုတ်တရက် ဖြစ်လာတဲ့ဖြစ်ရပ်ပါ။ အစိုးရသစ်တက်ပြီးချိန် ကားတင်သွင်းမှုနဲ့ ပတ်သက်ပြီး ဖြေလျှော့ပေးရာကစတင်ခဲ့တာ။ တစ်ချိန်တုန်းက ကားဈေးတွေက အဆမတန်ကြီးခဲ့တယ်။ ကားစီးခွင့်ဟာ အခွင့်အရေးတစ်ရပ်ဖြစ်ခဲ့တယ်။ တစ်ကမ္ဘာလုံးမှာ မကြားဖူးတဲ့ဈေးတွေကြောင့် ကားတင်သွင်းမှုတွေဟာ အနည်းအကျဉ်းသာရှိခဲ့တယ်။ အခုလို ကားတင်သွင်းခွင့်တွေ ဖြေလျှော့လိုက်တဲ့အတွက် ကားတွေကို အလုအယက်တင်သွင်းခဲ့ကြတယ်။ ကားအရေအတွက်များလာတာကို ကြိုတင်ပြီး စီစဉ်ထားသင့်တာ၊ မစဉ်းစားမိတဲ့အတွက် ကားများပြီး ယာဉ်ကြောတွေပိတ်မှ ဖုတ်ပူမီးတိုက် အဖြေတွေထုတ်ခဲ့ကြရတယ်။

ထုတ်ခဲ့တဲ့အဖြေတွေဟာလည်း ပြဿနာရဲ့ဇာစ်မြစ်ကို စနစ်တကျဆန်းစစ်ပြီးအဖြေထုတ်တာထက် လတ်တလောကာလကို အဖြေရအောင်ဖန်တီးခဲ့တယ်။ ဒါကြောင့်လည်း လှည်းတန်း၊ ဘုရင့်နောင်နဲ့ ရွှေဂုံတိုင်မှာ ခုံးကျော်တံတားတွေထိုးခဲ့တယ်။ ခုံးကျော်တံတားကြောင့် လှည်းတန်းမှာ ယာဉ်ပိတ်ဆို့မှုလျော့ခဲ့ပေမယ့် ဟံသာဝတီအဝိုင်းနဲ့ ပြည်လမ်း၊ ပါရမီလမ်းဆုံအထိ အခက်အခဲတွေရင်ဆိုင်ရပြန်တယ်။ ရွှေဂုံတိုင်ခုံးကျော်တံတားကြောင့် ယာဉ်ကြောပိတ်ဆို့မှု သက်သာသလိုရှိပေမယ့် ယာဉ်ကြောစီးဆင်းမှုကြောင့် တစ်ခါမှလမ်းမကျပ်တဲ့ တက္ကသိုလ်ရိပ်သာလမ်းမှာ ယာဉ်ကြောတွေပိတ်ခဲ့ပြန်တယ်။

ယာဉ်ကြောပိတ်ဆို့မှုပြဿနာ ဖြေရှင်းနိုင်ဖို့ ဇာစ်မြစ်ကိုစနစ်တကျသုံးသပ်ဆန်းစစ်ဖို့လိုတယ်။ သုတေသနကိုလုပ်ပြီး "ပေါက်ပင်ဘာကြောင့်ကိုင်းရသလဲ" ဆိုတဲ့ ငယ်ငယ်ကသင်ခဲ့ရတဲ့ ဥပမာလို အကြောင်းရင်းဇာစ်မြစ်ကို သိအောင်ဆောင်ရွက်ပြီး အဖြေထုတ်ဖို့လိုလိမ့်မယ်။ အရေးကြီးဆုံးအချက်ကတော့ ရန်ကုန်မြို့မှာ ယာဉ်ကြောပိတ်ဆို့မှုရှိနေပြီဆိုတာကို လက်ခံဖို့လိုတယ်။ ပြဿနာတစ်ခုကို အသိအမှတ်ပြုမှ ဒီပြဿနာကို အဖြေရှာနိုင်မှာ။

ယာဉ်ကြောပိတ်ဆို့မှုရှိတာကို လက်ခံပြီး ဒီပိတ်ဆို့မှုရဲ့စရိတ်ကို သေသေချာချာ တွက်ချက်ရမှာဖြစ်တယ်။ ကျွန်တော့်အထင်တော့ ဒီစရိတ်က ကျပ်သန်းပေါင်းများစွာရှိမှာ။ လမ်းပေါ်မှာ ယာဉ်ပိတ်ဆို့နေတာကြောင့် မကြာသင့်တဲ့အချိန်၊ မကုန်သင့်တဲ့အချိန်တွေကို ပေါင်းလိုက်ရင်နည်းမှာမဟုတ်ဘူး။ အလုပ်တွေ နှောင့်နှေးတဲ့အတွက် ပေးဆပ်ရတာတွေကလည်း အများကြီးပဲ။

အခုအချိန်မှာ တစ်နေရာနဲ့ တစ်နေရာသွားလာရတာ မလွယ်တော့ဘူး။ ဘယ်လမ်းကြောင်းရွေးရမယ်ဆိုတာကို အတော်လေးစဉ်းစား တွက်ချက်နေရတယ်။ လမ်းတွေကျပ်တဲ့ဒဏ်ဟာစိတ်ပိုင်းဆိုင်ရာမှာလည်း အလွန်ထိခိုက်နိုင်မှုဖြစ်တယ်။ စိတ်ဖိစီးမှုစရိတ်တွေတွက်ချက်ရင် အတော်များနေတာ တွေ့ရမှာဖြစ်တယ်။

အခုလို ယာဉ်ကြောပိတ်ဆို့မှု စရိတ်ကြီးမားနေတာကိုတွက်ဆပြီး ဘာကြောင့် အခုလိုဖြစ်ရသလဲဆိုတဲ့အကြောင်း အကျိုးတွေထည့်သွင်းစဉ်းစားဖို့လိုပါလိမ့်မယ်။ ကားအရေအတွက်များတဲ့အချက်ကတော့ ငြင်းလို့မရတဲ့ကိစ္စပါ။ နှစ်နှစ်အတွင်း တင်သွင်းလာတဲ့ အရေအတွက်၊ လက်ရှိကား Show Room တွေမှာရှိနေတဲ့ အရေအတွက်တွေဟာ နည်းတဲ့အရေအတွက်မဟုတ်ပါဘူး။ ဒါပေမယ့် ကားအရေအတွက်က အချက်တစ်ခုသာ ဖြစ်ပါတယ်။

ကားတင်သွင်းမှုနဲ့ပတ်သက်ပြီး စဉ်းစားစရာတစ်ခုက တစ်ဦးတစ်ယောက်၊ အိမ်ထောင်တစ်စုအတွက် အကျိုးသက်ရောက်မှုနဲ့အများပြည်သူ အကျိုးအတွက် စဉ်းစားချက်။ ဒီနှစ်ခုကို ချိန်ဆဖို့လိုပါတယ်။ ကျွန်တော့်အယူအဆက အများပြည်သူတွေ အသုံးပြုနိုင်မယ့် Public Transport System ကို ဖန်တီးဖို့လိုမှာဖြစ်တယ်။ Public Transport ကောင်းကောင်းရှိရင် ကိုယ်ပိုင်ကားဝယ်စီးနေစရာမလိုဘူး။ Public Transport လို့ ပြောတဲ့နေရာမှာ ဘတ်စ်ကားတွေသာမက မြို့ပတ်ရထား၊ ဗန်ကောက်တို့၊ စင်ကာပူတို့မှာရှိတဲ့ မိုးပေါ်ရထား တခြားနိုင်ငံတွေမှာရှိတဲ့ မြေအောက်ရထား၊ ဒါတွေကို စဉ်းစားဖို့လိုပါလိမ့်မယ်။

အခုလိုစဉ်းစားတဲ့အခါ Vision ရှိဖို့ရယ်၊ Mission ရည်မှန်းချက် သတ်မှတ်ဖို့ အလွန်အရေးကြီးပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုပြဿနာဟာ Urban Planning and Development မြို့ပြစီမံကိန်းနဲ့ဖွံ့ဖြိုးမှုလုပ်ငန်းတစ်ခုဖြစ်တယ်။ ယာဉ်ကြောပိတ်ဆို့ရတဲ့ အကြောင်းတစ်ခုဟာ လမ်းတွေကြောင့်ဖြစ်တယ်။ ရန်ကုန်မြို့မှာရှိနေတဲ့ လမ်းတွေနဲ့ မမျှတာတွေ့ရတယ်။ လမ်းတွေကို ကြိုးစားပြီးချဲ့ထွင်နေပေမယ့် သိသိသာသာ သက်သာမှုမရသေးဘူး။ ကျွန်တော်က မနက်စောစော ကျန်းမာရေးအတွက်ပြေးတဲ့သူတစ်ယောက်အနေနဲ့ သိပ်သတိထားရတာ။ လမ်းနံဘေးမှာ ချောချောမွေ့မွေ့ဖြစ်တာသိပ်ရှားတာ။

"အနာသိ၊ ဆေးရှိ" ဆိုတဲ့အတိုင်း ယာဉ်ကြောပိတ်ဆို့မှုပြဿနာရဲ့ဇာစ်မြစ်ကိုသိမှ ထိရောက်တဲ့အဖြေတွေထုတ်နိုင်မှာ။ စင်ကာပူမှာရှိတဲ့ ယာဉ်အရေအတွက်ဟာ ရန်ကုန်မြို့ထက်များပါတယ်။ ဒါပေမယ့် သူတို့နိုင်ငံမှာ ကားတစ်စီးကို လွယ်လွယ်ကူကူဝယ်ခွင့်မရဘူး။ လိုအပ်ချက်အရသာ ခွင့်ပြုတော့ သက်သာတယ်။ လမ်းတွေကို စည်းကမ်းထိန်းသိမ်းတဲ့နေရာမှာလည်း ခေတ်မီနည်းပညာတွေကို အပြည့်အဝအသုံးပြုထားတယ်။

လမ်းခင်းတဲ့ပုံစံက တစ်ခုခုတော့ လိုနေသလိုပဲ။ အဖုတွေအထစ်တွေက အမြဲရှိနေတော့ လမ်းပြုပြင်တဲ့ကိစ္စကိုလည်း စဉ်းစားရမှာဖြစ်တယ်။ တစ်ချိန်တည်း ငွေကုန်ကြေးကျများများခံပြီး ချောနေအောင်ခင်းနိုင်ရမယ်။ နောက်ထပ် ၁၀ နှစ်၊ အနှစ် ၂၀ လောက် လှည့်မကြည့်ရအောင် လုပ်ဖို့လိုလိမ့်မယ်။ အခုတော့ တစ်ပိုင်းခင်းလိုက်၊ တစ်ဝက်ခင်းလိုက်နဲ့ ဒီနေရာကောင်းပြန်တော့ ဟိုနေရာကပျက်၊ ဒီဘက်လုပ်ရင်နောက်တစ်နေရာမှာပြဿနာတက်။ "ဂျာအေးသူ့အမေရိုက်သလို" ဖြစ်နေတာ။ လမ်းနဲ့တွဲဖက်ပြီး ယာဉ်တွေရပ်စရာမရှိတော့ ရတဲ့နေရာရပ်ရင် ယာဉ်ကြောပိတ်ဆို့မှုကို ဆိုးစေတာ။

ကျွန်တော့်အထင် ယာဉ်မောင်းသူတွေရဲ့ စည်းကမ်းမဲ့မှုဟာ အရေးပါတဲ့အကြောင်းရင်းဖြစ်မယ်။ ခရီးသည်တင် ဘတ်စ်ကားတွေဟာ မှတ်တိုင်တွေသတ်မှတ်ထားပေမယ့် ခရီးသည်ရတဲ့နေရာကို အလုအယက်ယူပြီး လုပ်ကြတာ။ တက္ကစီတွေကလည်းတစ်မျိုး၊ ယာဉ်မောင်းသူစိတ်ထဲမှာထားတဲ့ ခရီးသည်ကိုပဲ မျက်စိထဲမှာမြင်တော့ ရပ်သင့်မရပ်သင့်၊ နောက်ကယာဉ်ပါမပါ၊ ဘာကိုမှ ဂရုမစိုက်ဘဲ လုပ်ချင်သလိုလုပ်ကြတယ်။

ကိုယ်ပိုင်ကားမောင်းတဲ့သူတွေကလည်း ကိုယ့်အတွက်ပဲကြည့်ပြီး အခွင့်အရေးယူကြတယ်။ စည်းကမ်းမဲ့မှုဟာ အလွန်အကျည်းတန်လှပါတယ်။ စည်းကမ်းထိန်းသိမ်းဖို့ဆိုပြန်တော့ ယာဉ်ထိန်းရဲတွေရဲ့ အခန်းကဏ္ဍကလည်း အရေးပါလှပါတယ်။ တရားဥပဒေစိုးမိုးရေးကို ဦးထိပ်ထားရင် သူတို့တစ်တွေ လွတ်လွတ်လပ်လပ် အရေးယူဆောင်ရွက်ခွင့်ရှိရမယ်။

တစ်ခါတလေ အရေးယူမိလို့ အခက်ကြုံတွေ့ရတာတွေနဲ့လည်း ရင်ဆိုင်ရပြန်တယ်။ ထိရောက်တဲ့ဥပဒေဘောင်အတွင်း အရေးယူ နိုင်အောင် ယာဉ်ထိန်းရဲတွေကို တာဝန်ပေးဖို့လိုပါလိမ့်မယ်။ ရံဖန်ရံခါ ယာဉ်ကြောပိတ်ဆို့ရတဲ့အကြောင်းက အရေးကြီးပုဂ္ဂိုလ်တွေအတွက် လမ်းကြောင်းပေးရတဲ့ကိစ္စဖြစ်တယ်။ ကျွန်တော့်အနေနဲ့ မရှိရဘူးလို့မပြောလိုပါဘူး။ လူကြီးတွေ အသွားအလာအဆင်ပြေဖို့ လိုအပ်ပါတယ်။ ဒါပေမယ့် လူကြီးလာပြီဆိုပြီး ၁၅ မိနစ်လောက်ကြိုပြီး လမ်းတွေ၊ ယာဉ်တွေပိတ်ထားတာကိုတော့ စဉ်းစားသင့်ပါတယ်။ နောက်တစ်ခုက လူကြီးတွေ တာဝန်ဝတ္တရားကြောင့် သွားလာနေရတာကို အဆင်ပြေအောင်လုပ်ဖို့လိုပေမယ့် ကိုယ်ရေးကိုယ်တာကိစ္စတွေအတွက်တော့ မလိုအပ်ဘူးလို့မြင်မိပါတယ်။

"အနာသိ၊ ဆေးရှိ" ဆိုတဲ့အတိုင်း ယာဉ်ကြောပိတ်ဆို့မှုပြဿနာရဲ့ ဇာစ်မြစ်ကိုသိမှ ထိရောက်တဲ့ အဖြေတွေထုတ်နိုင်မှာ။ စင်ကာပူမှာရှိတဲ့ ယာဉ်အရေအတွက်ဟာ ရန်ကုန်မြို့ထက်များပါတယ်။ ဒါပေမယ့် သူတို့နိုင်ငံမှာ ကားတစ်စီးကို လွယ်လွယ်ကူကူ ဝယ်ခွင့်မရဘူး။ လိုအပ်ချက်အရသာ ခွင့်ပြုတော့ သက်သာတယ်။ လမ်းတွေကို စည်းကမ်းထိန်းသိမ်းတဲ့နေရာမှာလည်း ခေတ်မီနည်းပညာတွေကိုအပြည့်အဝအသုံးပြုထားတယ်။ လမ်းဆုံက မီးပွိုင့်တွေမှာ အစိမ်း၊ အဝါ၊ အနီပြောင်းတာကို ဌာနချုပ်ကကွန်ပျူတာနဲ့ထိန်းချုပ်ထားတာ၊ ဘယ်လမ်းမှာကျပ်နေရင် အချက်ပြမီးဘယ်လို ပြောင်းမလဲဆိုတာကို စနစ်တကျလုပ်ထားတာ။ ကျွန်တော်တို့ဆီမှာ ပုံမှန် အစိမ်း၊ အဝါ၊ အနီပြတာမျိုးမဟုတ်ဘဲ တာဝန်ရှိတဲ့ယာဉ်ထိန်းကဆောင်ရွက်နေတာ။ ယာဉ်ထိန်းရဲဆိုလို့ ရန်ကုန်သူ၊ ရန်ကုန်သားတွေအားလုံးသိတဲ့ အားကိုးရတဲ့ ယာဉ်ထိန်းရဲ၊ ဓမ္မစေတီလမ်းထောင့်မှာ တာဝန်ကျတဲ့ရဲတပ်ကြပ်။ သူရှိနေရင် ကျွန်တော့်ရင်ထဲအေးသွားတယ်။ ယာဉ်ကြောဘယ်လောက်ပိတ်ပိတ် သူက စေတနာထားပြီးဖြေရှင်းပေးနိုင်တာ။ အလုပ်ကို အလုပ်နဲ့တူအောင်လုပ်တဲ့သူ။ တချို့က အစိုးရဝန်ထမ်းတွေ အလုပ်လုပ်ချင်စိတ်ရှိအောင် လစာတိုးပေးဖို့ လိုတယ်လို့ထင်ကြတယ်။ သူ့ကိုကြည့် ကျန်တဲ့ရဲတွေနဲ့ လစာအတူတူပဲ၊ ဒါပေမယ့် တာဝန်သိတယ်။ တာဝန်ယူတယ်၊ တာဝန်ခံတယ်။

ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှုဟာ အမှန်တော့ တစ်မျိုးသားလုံးရဲ့ ကိစ္စဖြစ်ပါတယ်။ ရန်ကုန်မြို့သူမြို့သားတွေအတွက်သာမဟုတ်ဘဲ တစ်နိုင်ငံလုံးနဲ့သက်ဆိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပြဿနာအတွက် အဖြေရှာရာမှာ ပါဝင်ပတ်သက်တဲ့လူတွေအားလုံးရဲ့ အကြံဉာဏ်တွေကို စုစည်းဖို့လိုအပ်မှာဖြစ်ပါတယ်။ တာဝန်ရှိသူတွေ၊ ပညာရှင်တွေချည်း အဖြေထုတ်ရင် လုံလောက်မှာမဟုတ်ပါဘူး။ ဒီကိစ္စကို အမျိုးသားလှုပ်ရှားမှုတစ်ရပ်အဖြစ် သတ်မှတ်ပြီး ပြည်တွင်း၊ ပြည်ပအကြံဉာဏ်တွေတောင်းခံသင့်ပါတယ်။ ပြဿနာကို ဒီအတိုင်းထားလို့မဖြစ်ပါဘူး။ ဒီလိုထားရင် အခြေအနေက ပိုပြီးဆိုးလာမှာဖြစ်တယ်။

အဖြေထုတ်တဲ့အခါမှာလည်း လက်ပူတိုက်တဲ့ကာလတိုအဖြေတွေ ထုတ်တာမဟုတ်ဘဲ ရေရှည် ၁၀ နှစ်၊ အနှစ် ၂၀အထိ စဉ်းစားဖို့လိုအပ်မှာဖြစ်တယ်။ ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို စဉ်းစားတဲ့နေရာမှာ လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်က အခြေအနေမျိုးရောက်နိုင်တော့မှာ မဟုတ်ဘူး။ နောက်ပြန်လှည့်လို့ရနိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ ရှေ့ဘာဆက်လုပ်ရမလဲဆိုတာကိုတော့ စဉ်းစားဆုံးဖြတ်ရမှာသာဖြစ်ပါတယ်။ ။

ကြက်ခြေနီစစ်ရေးပြနှင့် ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်

မြိတ် ဇန်နဝါရီ ၁၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့နယ် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းပေါင်းစုံ ကြက်ခြေနီ အသင်းများ စစ်ရေးပြ/ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၇ နာရီက မြိတ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ် လက်ထောက်ပညာရေးမှူး ဦးလှမြင့်နှင့်ပညာရေးဝန်ထမ်းများ၊ တိုင်းဒေသကြီး ကြက်ခြေနီ တပ်ဖွဲ့ဦးစီးမှူး (ဒုတိယတန်း) ဒေါ်အေးအေးသန်းနှင့် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြိတ်မြို့နယ် အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများမှ ပြိုင်ပွဲဝင် ကျောင်းပေါင်းစုံ ကျောင်းကြက်ခြေနီ အသင်းဝင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးလှမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များက အရေးပေါ်လူနာ တစ်ဦးအား ဆောင်ရွက်ပေးရမည့် ရှေးဦးပြုစုခြင်းစစ်ရေးပြကို လက်တွေ့ သရုပ်ပြသည်။ ထို့နောက် မြိတ် မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းကျောင်းများမှ ပြိုင်ပွဲဝင်အသင်း ၄၂ သင်း၊ ကျောင်းပေါင်းစုံ ကြက်ခြေနီ အသင်းဝင် ကျောင်းသား ကျောင်းသူ ၅၀၄ ဦးတို့က စစ်ရေးပြနှင့်ရှေးဦးပြုစုခြင်းစွမ်းရည်တို့ကို အလှည့်ကျ ယှဉ်ပြိုင်ခဲ့ကြသည်။ **(ဓာတ်ပုံ)**

မိုးဟိန်း(မြိတ်)

အမြို့မြို့ အနယ်နယ်
ပျံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင်
ကြော်ငြာပါ

အားကစားနှင့်ကာယပညာသိပ္ပံကျောင်း တောင်ကြီး၌ ဆောက်လုပ်မည်

နေပြည်တော် ဇန်နဝါရီ ၁၂

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်အတွက် အားကစားနှင့်ကာယပညာသိပ္ပံကျောင်း ရန်ကုန်နှင့် မန္တလေးအပြင် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် အားကစားနှင့်ကာယပညာ သိပ္ပံကျောင်းကို သင်တန်းသား ၁၅၀ ဖြင့် တည်ဆောက်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါကျောင်း ဆောက်လုပ်မည့် မြေနေရာသို့ ဇန်နဝါရီ ၈ ရက် ညနေ ၃ နာရီက မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဇော်ဝင်းသည် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထန်အိတ်နှင့် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက မြေနေရာရွေးချယ်ထားရှိမှု၊ အဆောက်အအုံများ ဆောက်လုပ်ရန် လျာထားမှုအခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြခဲ့သည်။ ဒုတိယဝန်ကြီးမှ အဆောက်အအုံဆောက်လုပ်ခွင့်တင်ဒါရရှိသည့် ကုမ္ပဏီများနှင့် စနစ်တကျ စာချုပ်ချုပ်ဆို၍ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီစွာ ဆောက်လုပ်ရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန် မှာကြားကာ သင်တန်းကျောင်း ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုသည်။

အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (တောင်ကြီး) ကိုတည်ဆောက်ဖွင့်လှစ်ပြီးပါက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ အလားအလာရှိသော မျိုးဆက်သစ်အားကစားသမား ကျောင်းသား ကျောင်းသူ ၁၅၀ ဖြင့် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ကရာတေးဒို၊ သိုင်း၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ စားပွဲတင်တင်းနစ် အားကစားနည်း ၁၀ နည်း သင်ကြားပေးမည်ဖြစ်ပြီး ကျောင်းသားကျောင်းသူ ၃၀၀အထိ ဆက်လက်လက်ခံ သင်ကြားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်ဝင်းသည် ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အားကစားဝန်ကြီးဌာန၏ ရည်ရွယ်ချက် (၃)ရပ်ဖြစ်သည့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် နိုင်ငံတကာ အားကစားသမားများတွင် အဆင့်မီအရည်အသွေးရှိသော ထူးချွန်အောင်မြင်သည့် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြန်မာ့အားကစား အောင်မြင်မှုရရှိစေရန်ဟူသည့် ရည်ရွယ်ချက်များကို လက်တွေ့ကျကျ၊ အခြေခံကျကျ ဖော်ဆောင်ရန်မှာ မြို့နယ်များရှိ ဝန်ထမ်းများအားလုံးတွင် အဓိကတာဝန်ရှိကြောင်း၊ မိမိတို့လုပ်ငန်းတာဝန်များ အောင်မြင်စေရန် အားကစားဝန်ကြီးဌာန၏ မူဝါဒကို သိရှိနားလည်ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရ၏ လမ်းညွှန်မှုကို ခံယူလျက် ကျေးလက်ဒေသထိဆင်းပြီး အကောင်အထည်ဖော်ရန်လိုကြောင်း၊ မိမိတို့၏ ရိုးရာအားကစားသာမက အိုလံပစ်အားကစားနည်းများ အောင်မြင်ရေးအတွက်ပါ ကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အားကစားကွင်း/ရုံများတိုးချဲ့ တည်ဆောက်ရန်လိုအပ်သကဲ့သို့ ရှိပြီးဖြစ်သည့် ကွင်း/ရုံများ ပြိုင်ပွဲကျင်းပနိုင်သည်အထိ ဆက်လက်တည်တံ့အောင် ထိန်းသိမ်းရေးမှာကြားသည်။

ဆက်လက်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တာဝန်ခံ အရာရှိများက မိမိတို့ဒေသအလိုက် အားကစားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် အားကစားအထောက်အကူပစ္စည်း လိုအပ်ချက်များတင်ပြကာ ၎င်းတို့၏တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများအတွက် ထောက်ပံ့ကြေးငွေ ခြောက်သိန်းကျပ်ပေးအပ်၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

သတ်မှတ်

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်ဝင်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံ၍ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) တည်ဆောက်ရေး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ အားကစားဝန်ကြီးဌာနအတွက် သတ်မှတ်ပေးထားသော မြေနေရာတိကျစွာ တိုင်းတာသတ်မှတ်ပေးရေးနှင့် သတ်မှတ်ကာလအတွင်း ကုမ္ပဏီများက တာဝန်ယူဆောက်လုပ်ရသည့် အဆောက်အအုံများ အချိန်မီပြီးစီးရေးအတွက် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်ပေးရမည့်အပိုင်းနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဖြည့်ဆည်း ဆောင်ရွက်ပေးရန်များ၊ ရှမ်းပြည်နယ်အတွင်း အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရန် လိုအပ်ချက်များ အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခွန်အကောက်နှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ ၂၁-၃-၁၉၄၇ နေ့ ပြောကြားသည့်မိန့်ခွန်း

"ကမ္ဘာပေါ်တွင် မည်သည့်အစိုးရမျှ ငွေမရှိဘဲ တိုင်းပြည်အုပ်ချုပ်ရေးတာဝန်ကို ဆောင်ရွက်မသွားနိုင်ချေ။ ထို့ကြောင့် ကိုယ့်အစိုးရအား ကျသင့်သော အခွန်ဘဏ္ဍာငွေများကို ကြည်သာပျူငှာစွာပေးဆောင်ခြင်းသည်ပင် လွတ်လပ်သော လူမျိုးအဖြစ်ကို ထင်ရှားစေသောမှတ်ကျောက် ဖြစ်ပေသည်။"

"အခွန်ဘဏ္ဍာကို တိုင်းသူပြည်သားတို့ကမပေးဘဲ ငြင်းဆန်ခြင်းသည် တိုင်းပြည် နိုင်ငံ၏စီးပွားရေးကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဖြိုခွဲဖျက်ဆီးပစ်ခြင်းပင်ဖြစ်၍ ဤသို့ နိုင်ငံစီးပွားရေးကြီး ပြိုကွဲသွားပါက နောက်ဆုံး၌ အများဆုံးအနစ်နာခံရမည့်သူတို့မှာ တိုင်းသူပြည်သားလူထုပင်ဖြစ်သည်။ မည်သည့်တိုင်းပြည်မဆို တိုင်းသူပြည်သားတို့က တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်ပုဂ္ဂိုလ်ပီပီ ဤအခြေခံ ပြည်သူ့ဝတ္တရားဖြစ်သော အကောက်အခွန်ပေးဆောင်ရေးတာဝန်ကို ထမ်းရွက်လိုစိတ်မရှိလျှင် ထိုတိုင်းပြည်သည် လွတ်လပ်ရေးမရနိုင်၊ တည်တံ့သောဘဏ္ဍာရေးတည်းဟူသော ခိုင်လုံသည့် အုတ်မြစ်ပေါ်တွင် မတည်ဆောက်ဘဲလည်း မည်သည့်လွတ်လပ်ရေးမျှမြဲနိုင်မည်မဟုတ်ပေ။"

ပုပ္ပားတောင်ကလပ်သို့ နိုင်ငံခြားခရီးသွားဧည့်သည်များ နေ့စဉ် အများအပြားတက်ရောက်လေ့လာ

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၂

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်သို့ ပြည်တွင်းခရီးသွား ဧည့်သည်များသာမက နိုင်ငံခြားခရီးသွားဧည့်သည်များလည်း အများအပြား တက်ရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

ပြောပြ

"ပုပ္ပားတောင်ကလပ်ကို ရာသီမရွေး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တွေ အမြဲလာရောက်ကြတယ်။ ပြည်တွင်းခရီးသွားဧည့်သည်အများစုက အဘဘိုးမင်းခေါင်နတ်နန်းကို လာရောက်ပူဇော်သူတွေ၊ ဆိုင်ရာမိရိုးဖလာနတ်များကို လာရောက်ပူဇော်သူတွေအများစုဖြစ်ပြီး တချို့တလေကျတော့ တောင်ကလပ်ကို မရောက်ဖူးလို့ ဝင်ရောက်လေ့လာကြတယ်။ တောင်ကလပ်ပေါ်မှာ အမှတ်တရ ဓာတ်ပုံရိုက်၊ မျောက်စာကျွေးတယ်။ နိုင်ငံခြားခရီးသွား ဧည့်သည်တွေကျတော့ တောင်ကလပ်ပေါ်ကနေ ရှုခင်းအလှမြင်ကွင်းတွေကို မှတ်တမ်းတင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးတာမျိုးနဲ့ မြန်မာလူမျိုးတို့ရဲ့ မိရိုးဖလာနတ်ယုံကြည်ပူဇော်မှုတွေကို လေ့လာကြတာများတယ်။ တချို့နိုင်ငံခြားခရီးသွားဧည့်သည်က ပြည်တွင်းဧည့်လမ်းညွှန်တွေနဲ့လာပေမယ့် တစ်ခါတလေ ဧည့်လမ်းညွှန်မပါဘဲလာတဲ့သူလည်းတွေ့ရတယ်"ဟု ပုပ္ပားတောင်ကလပ် ဆင်နှစ်ကောင်စောင်းတန်းတွင် ဈေးဆိုင်ဖွင့်လှစ်ရောင်းချသူ အမျိုးသမီးငယ်တစ်ဦးက ပြောပြသည်။

ပုပ္ပားတောင်ကလပ်သို့ လာရောက်ကြသူများထဲတွင် ကျောက်ပန်းတောင်းဒေသခံများ၊ မိတ္ထီလာ၊ မလှိုင်၊ မြင်းခြံ၊ တောင်သာ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ မော်လမြိုင် စသည့် အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းခရီးသွားဧည့်သည်များ၊ ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို သွားရောက်လေ့လာပြီး အပြန်ခရီးတွင် ဗျတ္တပန်းဆက်လမ်းမှတစ်ဆင့် ပုပ္ပားတောင်ကလပ်သို့ လာရောက်လေ့လာကြသည့် နိုင်ငံခြားခရီးသွားဧည့်သည်များပါဝင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ချမ်းသာ(မိတ္ထီလာ)

ဧရာဝတီမြစ်အတွင်း သောင်များပေါ်ထွန်းလာမှုကြောင့် ရေယာဉ်များ သွားလာရေးခက်ခဲလာ

စစ်ကိုင်း ဇန်နဝါရီ ၁၂

ပြောင်းလဲနေသော ရာသီဥတုဖြစ်စဉ်များနှင့်အတူ ဧရာဝတီမြစ်အတွင်း သောင်များပေါ်ထွန်းလာသဖြင့် ရေကြောင်းကျပ်တည်းလာမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆိုးရွားစွာ ရင်ဆိုင်နေရသည်။ ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းပြုပြင်ရန် ကျပ်ငွေသန်းပေါင်း ၁၀၀၀ ကျော် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွင် ဗန်းမော်မှ ရန်ကုန်အထိ ဧရာဝတီမြစ်အတွင်း ရေကြောင်းကျပ်တည်းကျဉ်းမြောင်းသည့် နေရာ ၄၆ နေရာကို သောင်တူးရေယာဉ် ၁၉ စင်းဖြင့် သောင်တူးဖော်ခြင်း၊ သဲသောင်စုပ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဟု သက်ဆိုင်ရာဌာနမှ သိရသည်။

လတ်တလောတွင် ဧရာဝတီမြစ်အတွင်း မြစ်ရေကျဆင်းနေပြီး သောင်ဖြစ်ထွန်းမှုများပြားကာ ရေကြောင်းကျပ်တည်းနေသဖြင့် ကုန်သွယ်လုပ်ငန်းများ ရေယာဉ်သွားလာမှုများ အခက်အခဲတွေ့နေရကြောင်း ကုန်သွယ်လုပ်ငန်းရှင်များနှင့် ဒေသခံများ၏ ပြောဆိုမှုအရ သိရသည်။

စစ်ကိုင်းမြို့၌ ဧရာဝတီမြစ်သည် နွေရာသီမရောက်မီ တိမ်ကောလာပြီး သဲသောင်များပေါ်လာပြီဖြစ်၍ အစုန်အဆန်သင်္ဘောများ သောင်မတင်စေရေးအတွက် အင်းဝတံတား(ဧရာဝတီ) အောက်မှ ဖြတ်သန်းသွားလာရာ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့်(၃)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့်(၂)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားသည်။ ယခုအခါ ရေနည်းသောကာလ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ဒီဇင်ဘာ ၃၁ ရက်မှစ၍ အစုန်အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁)နှင့်(၂)အကြား ပြောင်းလဲဖွင့်လှစ်ခဲ့သည်။

ပြောင်းလဲရမည့်ရေလမ်းကြောင်း ကင်းလွတ်အကျယ်မှာ ၁၀၇ မီတာရှိပြီး ကင်းလွတ်အမြင့်မှ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၁ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါအနီရောင်ကြက်ခြေခတ်အမှတ်အသားပြထားပြီး ညအခါ မီးနီထွန်းပြသထားမည်ဟု သိရသည်။

ရေယာဉ်များအနေဖြင့် ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်အပြင် အစုန်ရေယာဉ်ကို ဦးစားပေး၍ ဝင်ရောက်ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် သက်ဆိုင်ရာမှ သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၂

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ပြည်ပဆက်ဆံရေးဌာန ဒုတိယအကြီးအကဲ Mr.Nguyen Manh Tien ၏ ဖိတ်ကြားချက်အရ အမျိုးသားလွှတ်တော် ဗီယက်နမ်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ ဦးနေဝင်းထွန်းခေါင်းဆောင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားရာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကသာမြို့နယ် ရေဘုတ်ရွာတွင် ပန်းနှမ်းစီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လာကြ

ကသာ ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ရေပုတ်ကျေးရွာသည် မြို့နှင့် အနည်းငယ် အလှမ်းကွာဝေးသော ကျေးရွာတစ်ရွာဖြစ်သလို အဆိုပါကျေးရွာအနီးဝန်းကျင်တွင် ဒေသခံအချို့တို့သည် ပန်းနှမ်းစိုက်ပျိုးသည့် လုပ်ငန်းများကို ယခုအခါတွင် စီးပွားဖြစ် လုပ်ကိုင်စိုက်ပျိုးလာကြပြီဖြစ်ကြောင်း သိရသည်။

"ပန်းနှမ်းစိုက်တဲ့အခါမှာ အဓိကကတော့ မိုးလွတ်ရေလွတ်တဲ့အခါမှာ စိုက်တာအကောင်းဆုံးပါပဲ၊ စိုက်ပြီးလို့ ရွာခဲ့တဲ့ မိုးကတော့အကြောင်းမဟုတ်ဘူး၊ ကျွန်တော်တို့ကတော့ ဒီနှစ်ဆိုရင် စိုက်တာကလည်း မိုးလွတ် ရေလွတ် ဖြစ်ခဲ့တယ်။ ဒါကြောင့်မို့လည်း စိုက်ပျိုးထားတဲ့ ပန်းနှမ်း အားလုံးဟာ ချို့ယွင်းချက်မရှိပဲ အောင်မြင်မှုတွေ ရှိတာပါ၊ ဒါပေမယ့် ပန်းနှမ်းရဲ့ ဈေးကွက်ကတော့ ဘယ်လောက်ရမယ် ဆိုတာ ကျွန်တော်တို့ ပြောလို့မရသေးပါဘူး။

အရင်နှစ်တွေက အခုပန်းနှမ်းစိုက်တဲ့နေရာကို အခြားသီးနှံတွေ စိုက်ခဲ့တာဖြစ်လို့ ပန်းနှမ်းကိုတော့ ဒီနှစ်မှ ကနဦး စိုက်ပျိုးခဲ့တာ ဖြစ်ပါတယ်၊ စိုက်ပျိုးသလောက်ပဲ အပင်တွေက အခုလို ဖြစ်ထွန်းအောင်မြင်နေတာ၊ ဒီဇန်နဝါရီလကုန်ရင်တော့ ပန်းနှမ်းတွေကို ရိတ်သိမ်းရတော့မှာ ဖြစ်ပါတယ်"ဟု ကသာမြို့နယ်မှ ပန်းနှမ်းစိုက်တောင်သူတစ်ဦးက ပြောခဲ့သည်။

အချို့တောင်သူများမှာ ဆောင်းသီးနှံကို ဦးစားပေးစိုက်ပျိုးနေကြသလို အချို့တောင်သူတို့မှာလည်း ပန်းနှမ်းစိုက်ပျိုးခြင်း လုပ်ငန်းများကို စီးပွားဖြစ် လုပ်ကိုင်စိုက်ပျိုးလာကြပြီဖြစ်ကြောင်း သိရသည်။

သန်းမောင်လေး(ကချင်မြေ)

ကုသိုလ်လည်းရ ဝမ်းလည်းဝ
ကျသင့်အခွန်၊ တို့ကျေပွန်

ပြည်တွင်းသတင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ခဲ့ကြသော ပြည်ထဲရေးဝန်ကြီးဌာနမှ အားကစားသမားများ၊ အုပ်ချုပ်သူနည်းပြများ၊ ဒိုင်များအား ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၁၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ခဲ့ကြသော ပြည်ထဲရေးဝန်ကြီးဌာနမှ အားကစားသမားများ၊ အုပ်ချုပ်သူနည်းပြများ၊ ဒိုင်များအား ဂုဏ်ပြုသည့် ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို အောင်မြင်မှုများစွာဖြင့် ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါကြောင်း၊ ဒီအားကစားပြိုင်ပွဲကြီးမှာ မြန်မာနိုင်ငံမှ ရွှေ ၈၆ ဆု၊ ငွေ ၆၂ ဆု၊ ကြေး ၈၅ ဆု စုစုပေါင်း ၂၃၃ ဆုရရှိခဲ့ပြီး နိုင်ငံအလိုက် ဒုတိယရရှိခဲ့ကြောင်း၊ နိုင်ငံ့လက်ရွေးစင်အားကစားသမားများတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ အားကစားသမား စုစုပေါင်း ၇၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေ ၁၃ ဆု၊ ငွေရှစ်ဆု၊ ကြေး ၃၅ ဆု စုစုပေါင်း ၅၆ ဆုတံဆိပ်ရရှိပြီး နိုင်ငံ့ဂုဏ်ကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ဒီအခမ်းအနားမှာ ထူးချွန်ဆုများ ချီးမြှင့်ပေးသွားမှာဖြစ်ကြောင်း၊ ယခု အားကစားပွဲမှာ ရရှိပြီးဖြစ်တဲ့ စိတ်ဓာတ်များ၊ ခွန်အားများ၊ အတွေ့အကြုံများကို အသုံးပြုပြီး နိုင်ငံ့ဂုဏ်ကို ဆက်လက်ထမ်းဆောင်ကြပါစေ ဟုတိုက်တွန်းပြောကြားသွားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆုရအားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ရာထူးတိုးမြှင့်ပေးအပ်ခဲ့ပြီး အလျှုရှင်များအားလည်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ အရာရှိကြီးများနှင့် ဇနီးများ၊ ထူးချွန်ဆုရ အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများ၊ ဒိုင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

လင်းကျွန်းစုနှင့် တနင်္သာရီကျွန်းတို့ ဖြစ်ကြသည်။

ကျွန်းအပန်းဖြေစခန်း တည်ဆောက်ရာတွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်အဆောက်အအုံ၊ ဘန်ဂလိုများ၊ တည်းခိုဆောင်များ၊ အဆင့်မြင့် အရောင်းဆိုင်များ၊ ကစားကွင်း၊ ပန်းခြံ၊ ဂေါက်ကွင်း၊ ရေကူးကန်နှင့် အပျော်စီးရေယာဉ်များစသော တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး တည်ဆောက်ရေးစီမံကိန်းကာလ လေးနှစ် ၂၀၁၄-၂၀၁၅ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျွန်းအပန်းဖြေစခန်း တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လာပါက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်း၊ မြို့ရွာကျေးလက်ကျွန်းပေါ် မခွဲခြားဘဲ လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေချောမွေ့လာခြင်းစသော အကျိုးကျေးဇူးများ ရရှိလာကာ လူနေမှုဘဝမြင့်မားလာပြီး အလုပ်အကိုင်သစ်များရရှိလာ၍ တစ်ဦးချင်းဝင်ငွေများ တိုးပွားလာမည်ဖြစ်သဖြင့် ဆင်းရဲမှုလျှော့ချရေးတွင် အထောက်အကူ ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လူကုန်ကူးမှုပပျောက်ရေး တို့တွေပါဝင်ကူညီပေး

ဒေသတွင်းလူမှုစီးပွားဘဝ တိုးတက်ရန်အတွက် မောတောင်နှင့်ထီးခီးစခန်းသစ်နှစ်ခုကိုလည်း ဖွင့်လှစ်ပေးခဲ့

ထားဝယ် ဇန်နဝါရီ ၁၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည့်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကား ပြောကြားရာတွင် အစိုးရအသစ်တက်လာပြီးနောက်ပိုင်း နိုင်ငံတကာနှင့် ဒေသတွင်း အာဆီယံနိုင်ငံများနှင့် ပိုမိုနီးကပ်နွေးထွေးသော ဆက်ဆံရေးများ တိုးတက် ကောင်းမွန်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေး တိုးတက်ပြောင်းလဲလာမှုနှင့်အတူ စီးပွားရေးကဏ္ဍများတွင်လည်း ပွင့်လင်းလာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်တင်သွင်းခွင့်ကိုလည်း မည်သူမဆို တင်သွင်းခွင့်ပြုခဲ့ကြောင်း၊ ပို့ကုန်/သွင်းကုန်လိုင်စင်၊ ပါမစ်များကိုလည်း လွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေးခဲ့ပြီး ကုန်သွယ်မှုကဏ္ဍနှင့်ဆက်စပ်ပတ်သက်နေသည့် အကောက်ခွန်၊ ပြည်တွင်းအခွန်၊ ဘဏ်ပိုင်းဆိုင်ရာများကိုလည်း ဖြေလျှော့မှုများစွာ ပြုလုပ်ပေးခဲ့ကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ တွင် ၁၈ ဒသမ ၄ ဘီလီယံ တိုးတက်လာကြောင်း၊ ဒုတိယဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုသည် ၀ ဒသမ ၃ ဘီလီယံကျော်သာ တက်သည့်အတွက် တရားမဝင် ကုန်သွယ်မှုကြီးထွားနေမှုကြောင့် အဟန့်အတားဖြစ်ခဲ့ရကြောင်း၊ ထို့ကြောင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှစ၍ တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ထိထိရောက်ရောက် လုပ်ဆောင်ခဲ့ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်ကို တက်လာသည့်အတွက် နိုင်ငံတော်က ဆုံးရှုံးနေသည့် အခွန်ဘဏ္ဍာငွေများ တိုးတက်ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ယခုကျန်သည့် သုံးလအတွင်းမှာလည်း ကုန်သွယ်မှုလျာထားချက် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၅ ဘီလီယံရရှိရေး ကြိုးစားဆောင်ရွက်နေကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးသည် အခုဆိုလျှင် ပို့ကုန်ပိုင်း ရေထွက်ကုန်နှင့် ပတ်သက်ပြီး လိုအပ်နေသည်များကို တွေ့ရကြောင်း၊ ရေထွက်ကုန်နှင့်ပတ်သက်ပြီး လျင်မြန်အောင် လိုင်စင်မလိုအောင် လုပ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများကလည်း ဝိုင်းဝန်းကူညီပေးရန် မေတ္တာရပ်ခံကြောင်း၊ ဒေသတွင်းလူမှုစီးပွားဘဝ တိုးတက်ရန်အတွက် မောတောင်နှင့် ထီးခီးစခန်းသစ်နှစ်ခုကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သည့်အတွက်လည်း တနင်္သာရီတိုင်းဒေသကြီးတွင်ရှိသည့် ပြည်သူအပေါင်း လူမှုစီးပွားဘဝ တိုးတက်ရန်အတွက် ဒေသတွင်း လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူးတို့က လုပ်ငန်းအလိုက် ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ထားဝယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ဒေသတွင်းရှိ ကုန်သွယ်မှု အခက်အခဲများကို တင်ပြပြီး တက်ရောက်လာကြသော ကုန်သည်လုပ်ငန်းရှင်များက လုပ်ငန်းများအလိုက် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက္ကသိုလ်များသီးခြားလွတ်လပ်စွာရပ်တည်သည့်အခါ ပေါင်းစပ်ညှိနှိုင်းပေးမည့် အဖွဲ့အစည်းဖွဲ့စည်းရေးအား အမျိုးသားအဆင့်ဆွေးနွေးပွဲသို့တင်ပြရန် သဘောတူ

ရန်ကုန် ဇန်နဝါရီ ၁၂

တက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းရန်အတွက် အမည်တစ်ခုရွေးချယ်နိုင်ခဲ့ကြောင်း ဇန်နဝါရီ ပထမပတ်အတွင်းက ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပခဲ့သည့် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ဒေသန္တရအဆင့် ဆွေးနွေးပွဲမှ သိရသည်။

အဆိုပါ ဆွေးနွေးပွဲ တက်ရောက်သူများက တက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းရန်အတွက် အမည် ၁၃ ခုကို တင်သွင်းခဲ့ကြရာ "တက္ကသိုလ်များ ဗဟိုကောင်စီ" အမည်အစားထောက်ခံမှုအများဆုံးရရှိသော အမည်သစ်တစ်ခုဖြစ်သည့် "အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ (Higher Education Coordinating Council -HECC)" အမည်ကို အသုံးပြုရန် ယာယီအတည်ပြုရွေးချယ်ခဲ့ကြောင်း သိရသည်။

အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ကျွန်တော်ပြောချင်တာကတော့ ဒီနေ့ပွဲဟာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပျော်ပျော်ရွှင်ရွှင်နဲ့ လမ်းကြောင်းမှန်ကို စတင်လျှောက်လှမ်းနိုင်ပြီလို့ ကျွန်တော်ယုံကြည်မိတယ်" ဟု ဆွေးနွေးပွဲအပြီးတွင် ပြောကြားခဲ့သည်။

သတင်း - ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်

ယင်းဆွေးနွေးပွဲတွင် တက္ကသိုလ်များ သီးခြားလွတ်လပ်စွာ ရပ်တည်ဆောင်ရွက်သွားကြရန် သဘောတူညီမှုတစ်ခုရရှိခဲ့ပြီး လွတ်လပ်စွာ ရပ်တည်နေသော တက္ကသိုလ်များကို ပေါင်းစပ်ညှိနှိုင်းပေးမည့် အဖွဲ့တစ်ခုဖွဲ့စည်းရန်လည်း သဘောတူညီခဲ့ကြသည်။

"ဒီလိုအဖွဲ့ကို ဘယ်လိုဖွဲ့သင့်လဲ၊ ဘယ်သူတွေနဲ့ဖွဲ့သင့်လဲ၊ ဘာတာဝန်တွေပေးသွားမလဲဆိုပြီး ရှေ့ဆက်ပြီး ဆွေးနွေးဖို့ အစီအစဉ်ချမှတ်နိုင်ခဲ့ပါတယ်။ ဒီနေ့လို ဆွေးနွေးပွဲတွေကို နောက်တစ်ကြိမ် ထပ်ပြီးကျင်းပရဦးမှာပါ။ နောက်တစ်ကြိမ်ကျင်းပရာမှာ ဘယ်လိုပုဂ္ဂိုလ်တွေပါဝင်သင့်တယ်၊ ဘယ်သူတွေ ပါဝင်သင့်တယ်ဆိုတာကို ဒီနေ့မှာ အားလုံးဆန္ဒပြုပြီး အများသဘောတူညီမှုနဲ့အတူ ရွေးချယ်ခဲ့ပြီးပါပြီ။ အများသဘောနဲ့ ရွေးချယ်ထားတဲ့ ပုဂ္ဂိုလ်တွေကို ဖိတ်ကြားပြီး ဒီပုဂ္ဂိုလ်တွေနဲ့အတူတူ နောက်ထပ်ဆွေးနွေးပွဲတွေ ပြုလုပ်ပြီးသွားရင်တော့ ကျွန်တော်တို့ သွားချင်တဲ့ပန်းတိုင်ကို သွားလို့ရပါပြီ" ဟု ဦးဇော်ဌေးက ဆိုသည်။

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ဒေသန္တရအဆင့် ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသွားရန် ဆုံးဖြတ်ခဲ့ကြပြီး လွတ်လပ်စွာ ရပ်တည်နေသော တက္ကသိုလ်များကို ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန်အတွက် ကောင်စီတစ်ခု၏ ဖွဲ့စည်းပုံ၊ ပါဝင်သင့်သူများနှင့် ပေးအပ်မည့် တာဝန်အရပ်ရပ်တို့နှင့် စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေးသွားမည်ဟု တက်ရောက်လာကြသူများက ဆုံးဖြတ်သည်။

ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုစာရင်းစစ်ချုပ်တို့က နိုင်ငံတော်ကိုယ်စား၊ တက္ကသိုလ်များအတွက် ရန်ပုံငွေခွဲဝေခြင်း၊ ဘဏ္ဍာငွေသုံးစွဲမှုနှင့် လုပ်ငန်းကို စစ်ဆေးခြင်းတို့ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့နှင့် သီးခြားလွတ်လပ်စွာ ရပ်တည်နေသော တက္ကသိုလ်များ အားလုံးတို့ကြားတွင် တာဝန်ခံသော ဝန်ကြီးဌာနတစ်ခု ထားရှိရန်လို၊ မလို၊ ထို့အပြင် Quality Assurance Agency ကို မည်သူများဖြင့် မည်သို့ဖွဲ့စည်းသင့်သည်။ Accreitation Body ကို မည်သူများဖြင့် မည်သို့ ဖွဲ့စည်းသင့်သည်တို့ကိုလည်း ဆက်လက် ဆွေးနွေးဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

စိန်ရတုခန်းမတွင် ပြုလုပ်ခဲ့သော ပညာရေးဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပညာရေးမြှင့်တင်မှုကော်မတီ အထူးလုပ်ငန်းအဖွဲ့ဝင်များ၊ အကြံပေးအဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူကိုယ်စားလှယ်များ၊ ပါတီကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ယင်းဆွေးနွေးပွဲသည် အစိုးရအဖွဲ့အစည်း၊ ပညာရေးဌာန၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်ပြင်ပပညာရှင်များ သဘောတူညီမှုတစ်ခုရရှိခဲ့သော ပညာရေးဆွေးနွေးပွဲဖြစ်ခဲ့သည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပွဲတော် လှုံ့ဆော်ရေး ပိုစတာကို နေပြည်တော် ပျဉ်းမနား-တောင်ညိုလမ်းမကြီးနှင့်ရာဇသင်္ဂဟလမ်းဆုံရာ သပြေကုန်းအဝိုင်းအနီးတွင် နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့ဝင်များက ကြိုဆိုနေသည့် ဆိုင်းဘုတ်ကို ဇန်နဝါရီ ၁၂ ရက်ညက စက်ယန္တရားများ အသုံးပြု၍ တပ်ဆင်နေစဉ်။ မင်းမင်းလတ်(မန်းတက္ကသိုလ်)

နိုင်ငံ့ဂုဏ်ဆောင်မြန်မာ့လက်ဝှေ့အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

သတင်း-ကိုကြီးတင်
ဓာတ်ပုံ-ဘော်ဂါသွေး

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပပြီးစီးခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များ ရယူပေးခဲ့သည့် လက်ဝှေ့အားကစား မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် ညနေ ၆ နာရီက အလုံလမ်းရှိ Summit Parkview ဟိုတယ် အင်းဝခန်းမ (၂) ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းတို့က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

ထို့နောက် လက်ဝှေ့ပြိုင်ပွဲအောင်မြင်မှု အထိမ်းအမှတ်လက်ဆောင်များကို လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဦးရန်ဝင်းက အားကစားဝန်ကြီးဌာနကိုယ်စား အား/ကာ သိပ္ပံကျောင်းအုပ်ကြီး ဦးကျော်စန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်တို့ထံပေးအပ်ခဲ့သည်။

ဆက်လက်၍ အောင်ပွဲရအားကစားမောင်မယ်များအား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၏ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ရွှေတံဆိပ်ဆုရ ဝေလင်းအောင်နှင့် နွယ်နီဦးတို့ကို ငွေကျပ်သိန်း ၃၀၀ စီကိုလည်းကောင်း၊ ငွေတံဆိပ်ဆုရ မောင်ငယ်နှင့် ကြူကြူလှိုင်တို့ကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ထွေးတို့က ကျပ်သိန်း ၁၀၀ စီကိုလည်းကောင်း၊ ကြေးတံဆိပ်ဆုရ သက်ထားစံနှင့် ခိုင်ခင်ဦးတို့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်က ငွေကျပ်သိန်း ၅၀စီကို လည်းကောင်း ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဦးရန်ဝင်းကလက်ဝှေ့ လက်ရွေးစင် အားကစားသမားရှစ်ဦးတို့ကို တစ်ဦးလျှင် ငွေကျပ်သိန်း ၃၀ စီ၊ အုပ်ချုပ်သူ နည်းပြ၊ ဒိုင်အဖွဲ့တို့အား ဂုဏ်ပြုငွေကျပ် သိန်း ၅၀၊ ဆေးအဖွဲ့ကိုကျပ် ၁၀ သိန်းစီ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့အောင်မြင်စွာ ယှဉ်ပြိုင်နိုင်ရေးအတွက် ပံ့ပိုးပေးခဲ့ကြသောအဖွဲ့အစည်းများနှင့် စီးပွားရေးကုမ္ပဏီတို့အား လက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ဘဏ္ဍာရေးမှူး ဦးကြည်လင်း၊ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်တို့က အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက လက်ဝှေ့ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရ ဝေလင်းအောင်အား ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀၀ ချီးမြှင့်ပေးအပ်စဉ်။

ပြည်တွင်းသတင်း

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း မိုဘိုင်းဆက်သွယ်မှုကွန်ရက်များ ဖြန့်ကြက်ထားရှိမှု ဒုတိယဝန်ကြီး ဦးဝင်းသန်း စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းသည် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများ ကျင်းပမည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ ဇန်နဝါရီ ၁၀ ရက်တွင် သွားရောက်၍ Wifi တပ်ဆင်ထားမှုနှင့် Internet များ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ထားရှိမှု၊ မိုဘိုင်းဆက်သွယ်မှု ကွန်ရက်များ ဖြန့်ကြက်ထားရှိမှုတို့ကို အားကစားရုံအလိုက် ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်မှုများ ပြတ်တောက်ခြင်းမရှိအောင် တာဝန်ရှိသူများမှ ကြပ်မတ်ဆောင်ရွက်သွားရန် အားကစားကျင်းပမည့်နေရာ အသီးသီးတွင် ကျွမ်းကျင်ဝန်ထမ်းများ တာဝန်ချထားရှိရန်နှင့် ဆီးဂိမ်းကဲ့သို့ဆက်သွယ်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် အော်တိုတယ်လီဖုန်း၊ မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်မှုနှင့် အင်တာနက်ဆက်သွယ်မှုများ ကောင်းမွန်စေရေး၊ ဖိုင်ဘာဆက်ကြောင်းများ မပြတ်တောက်စေရေးနှင့် အရန်လမ်းကြောင်းများ ပြန်လည်စစ်ဆေးခြင်းတို့ကို အထူးဂရုပြုဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမဆုံးယှဉ်ပြိုင်ခြင်းဖြစ်သော်လည်း အတွေ့အကြုံကောင်းများရရှိအောင်ကြိုးစားသွားမည့် မြန်မာဘိုစီယာအသင်း

သတင်း-သိမ့်သိမ့်မိုး
ဓာတ်ပုံ-ကျော်သူဝင်း

နေပြည်တော် ဇန်နဝါရီ ၁၂

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၂ မျိုးရှိသည့်အနက် မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံးစတင် ယှဉ်ပြိုင်ကစားမည့် ကစားနည်းများတွင် ဘိုစီယာ အားကစားနည်းတစ်မျိုးလည်း အပါအဝင်ဖြစ်သည်။

အဆိုပါ အားကစားနည်းသည် အမေရိကန်နိုင်ငံမှ စတင်မိတ်ဆက်သည့်ကစားနည်းဖြစ်ပြီး ဆေးအဆင့်သတ်မှတ်ချက်မှာ သူငယ်နာအကြောတင်း (BC1,BC2, BC3, BC4) သူများဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း၊ ကစားနည်းမှာ ညီညာပြန့်ပြူးသော မြေမာ (သို့) ကြမ်းပြင်ပေါ်တွင် ကစားနိုင်ပြီး ကစားသမားတစ်ဦးချင်း ပွဲစဉ်၊ နှစ်ယောက်တွဲပွဲစဉ်နှင့် အသင်းလိုက် ပွဲစဉ်များကစားနိုင်ပြီး မြန်မာအသင်းအနေဖြင့် တစ်ဦးချင်း ပွဲစဉ်တွင်သာ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘိုစီယာ ကစားနည်းမှာ အရောင်မတူသည့် (အနီ၊ အပြာ) ဘောလုံး ခြောက်လုံးစီကို အသင်းတစ်သင်းစီတွင်ပေးထားပြီး ပစ်မှတ်ဘောလုံးအဖြူရောင်ကို ခေါင်းပန်းလှန်၍ ခေါင်းကျသည့်အသင်းမှ ထိုဘောလုံးကို ပစ်ထုတ်ရမည်ဖြစ်ပြီး နောက်တစ်ကြိမ်တွင် ကျန်သည့်အသင်းမှ ပစ်ခွင့်ရှိကြောင်း၊ စည်းကွက်များကို ကျော်၍မရကြောင်း၊ အသံတိတ်အားကစားနည်းဖြစ်သည့်အတွက် ပရိသတ်များအားပေးရာတွင် အော်ဟစ်အားပေးခြင်းများ မပြုလုပ်ရကြောင်း အသင်းနည်းပြ ဆရာမဒေါ်နီနီသော်ထံမှ သိရသည်။

ဆက်လက်၍ မိမိတို့အသင်းမှာ ၂၀၁၃ ခုနှစ်ခြောက်လပိုင်းကတည်းက ပထမဆုံးကလေး ၁၆ ဦးကို မသန်စွမ်း သက်ငယ်ကျောင်းမှာ ကွင်းဖောက်၍ စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ကစားသမားရွေးချယ်သည့်အချိန် အောက်တိုဘာလတွင် ၎င်း ၁၆ ဦးထဲမှ ကလေးသုံးဦးသာ ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း၊ မိမိတို့နည်းပြများကိုလည်း ကစားနည်းကို ဟောင်ကောင်မှ သင်တန်းဆရာမ လာရောက်၍ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။ **(ဓါပုံ)**

အသင်းတွင် ကလေးများအား ပြန်လည် သင်ကြားရာတွင်လည်း အကြားအာရုံ ချို့ယွင်းသူများပါဝင်သည့်အတွက် ခက်ခက်ခဲခဲ သင်ပေးခဲ့ရကြောင်း၊ ကလေးများသည် စိတ်လှုပ်ရှားမှု များသည့်အတွက် စိတ်တည်ငြိမ်မှုမှအစ သင်ကြားရကြောင်း၊ မိမိတို့ အသင်းအနေဖြင့် ယခုပြိုင်ပွဲတွင် ဆုမျှော်မှန်းမထားသော်လည်း နိုင်ငံတကာ အတွေ့အကြုံကောင်းများရအောင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ နောင်နှစ်ပြိုင်ပွဲများတွင် ဆေးအဆင့်မီသည့် ကလေးများကို စုဆောင်းပြီး လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအားကစားပြိုင်ပွဲတွင် မြန်မာအသင်းမှ မင်းမင်းထိုက်၊ အောင်ဆန်းမြင့်နှင့် ယုရတနာထွန်း စုစုပေါင်း သုံးဦးပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲကို မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကာလ မှာ ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဖူဆယ် အားကစားရုံတွင် ကျင်းပသွားမည်ဖြစ်သည်။

အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက်(၂) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲဖြေဆိုရန် အကြောင်းကြားခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်း သတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ်(နိုင်ငံခြား)တို့တွင် တာဝန်ထမ်းဆောင်ရန် အငယ်တန်းသတင်းထောက် (လစာနှုန်း ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး (၁၀)နေရာနှင့် စာပေလက်ထောက် (၂) (လစာနှုန်း ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး (၆)နေရာတို့အတွက် လျှောက်လွှာများ လက်ခံရရှိထားပြီးဖြစ်ပါသည်။

အဆိုပါ လျှောက်ထားသူများသည် ၂၅-၁-၂၀၁၄ ရက် (စနေနေ့) နံနက် ၉ နာရီ၌ နေပြည်တော် ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်သတင်းစာတိုက်ရှိ ဘိုးဝဇီရခန်းမတွင် သတင်းစာပညာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာပညာများကို စာမေးပွဲဖြေဆိုရမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုခွင့်ရသူများစာရင်းနှင့် အခြားသိလိုသည်များကို နေပြည်တော်ရုံးအမှတ် (၇) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စီမံရေးရာဌာန ဖုန်း ၀၆၇-၄၁၂၁၂၃၊ သတင်းဌာန ၀၆၇-၄၁၂၁၂၅ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းသတင်းပေးပို့ကြရန် အကြောင်းကြားပါသည်။

အမျိုးအမည်မသိ ထူးခြားသော အသွင်သဏ္ဌာန်ရှိ ငှက်တစ်ကောင်မန္တလေးမြို့၌တွေ့ရှိ

မန္တလေး ဇန်နဝါရီ ၁၂

မန္တလေး ချမ်းအေးသာစံမြို့နယ် ၂၇×၂၈ လမ်းကြား ၈၄ လမ်း ဈေးချို မန်းမြန်မာပလာဇာ ၂၅ ထပ်ပေါ်တွင် အမျိုးအမည်မသိ ထူးခြားသော ငှက်တစ်ကောင်ကို ဇန်နဝါရီ ၁၁ ရက် ညနေ ၃ နာရီက မန္တလေး ပြည်ကြီးရန်လုံရပ်ကွက်နေ အဆောက်အအုံ ကန်ထရိုက်ဦးဇော်ဝင်း (ဆေးဆရာ)မှ တွေ့ရှိခဲ့သည်။**(အောက်ပုံ)**

အဆိုပါ ထူးခြားသောအသွင်သဏ္ဌာန်ရှိ အမျိုးအမည်မသိငှက်သည် ကြောင်ခေါင်းသဏ္ဌာန်ရှိပြီး လည်ပင်းတွင်အဖြူရစ်ပါရှိသည်။ အတောင်နှစ်ဖက်ဖြန့်လျှင် သုံးပေခန့်ရှည်လျားပြီး အမြီးနှင့်အတောင်တို့တွင် ဒေါင်းမြီးများကဲ့သို့ လှပသောပန်းကွက်များပါရှိသော ထူးခြားသည့် ဆောင်းခိုငှက် တစ်ကောင်ဖြစ်မည်ဟုယူဆရသည်။ ၎င်းငှက်ကို စိတ်ပါဝင်စားသူများနှင့် ကလေးသူငယ်များ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် မန္တလေး အောင်မြေသာစံမြို့နယ် ၁၂ လမ်းရှိ ရတနာပုံတိရစ္ဆာန်ဥယျာဉ်သို့ သွားရောက်လှူဒါန်းခဲ့ကြောင်းသိရသည်။

ကျော်ထူး(မန္တလေး)

✳ ကျောဖုံးမှ

ဖြန့်ဖြူးပေးခဲ့ပါတယ်။ ဆီထွက်နှုန်းမှာရိုးရိုးနေကြာ(ဒေသမျိုး)ဆိုရင် တစ်တင်းနှစ်ပိဿာခွဲထွက်ပါတယ်။ ဒီစပ်မျိုးနေကြာက တစ်တင်းလေးပိဿာအထိ ထွက်တဲ့အတွက် တောင်သူတွေ ပိုမိုစိုက်လာပြီး စီးပွားရေးအရ တွက်ခြေကိုက်အဆင်ပြေလာပါတယ်။ နေကြာစိုက်ပျိုးချိန်က မိုးရာသီမှာ မေ၊ ဇွန်လတွေဖြစ်ပြီး ဆောင်းရာသီမှာတော့ စက်တင်ဘာ၊ အောက်တိုဘာတွေမှာ စိုက်ပျိုးကြပါတယ်။ စတင်စိုက်ပျိုးချိန်မှ ခူးဆွတ်ချိန်အထိ ရက်ပေါင်း ၇၅-၈၀ ကြာမြင့်ပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ ဆီထွက်သီးနှံများအနက် နေကြာသီးနှံမှာ သီးထပ်သီးညှပ်ပုံစံအမျိုးမျိုးဖြင့် ရာသီမရွေး မျိုးစေ့ဈေးနှုန်း သက်သာစွာ၊ ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးနိုင်သော သီးနှံဖြစ်သည်။ တစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၅၀ နှင့်အထက် ထွက်ရှိစေရန် အထူးအထွက်တိုး နေကြာမျိုးများဖြင့် မျိုးပြောင်း လဲစိုက်ပျိုးပါက တစ်ဧကလျှင် ဆီပိဿာ ၂၀၀ အထိ ရရှိနိုင်သော သီးနှံဖြစ်ကြောင်းသိရသည်။ ထို့အပြင် စားအုန်းဆီတွင် ပြည့်ဝဆီပါဝင်နှုန်း ၅၂ ရာခိုင်နှုန်း အထိရှိပြီး နေကြာဆီတွင်မူ ပြည့်ဝဆီပါဝင်မှုနှုန်းမှာ ၁၄ ရာခိုင်နှုန်းသာရှိ၍ ကျန်းမာရေးနှင့် ညီညွတ်သည့်အတွက် အများပြည်သူစားသုံးရန် သင့်လျော်ကြောင်း သိရသည်။

မြန်မာယူ-၂၂ အသင်း ပွဲဦးထွက်ရှုံးနိမ့်

ဖိုးသော်ဇင်

နေပြည်တော် ဇန်နဝါရီ ၁၂

အာရှယူ-၂၂ ဘောလုံးပြိုင်ပွဲကို အိုမန်နိုင်ငံတွင် ယမန်နေ့က စတင်ကျင်းပရာ မြန်မာအသင်းမှာ အိမ်ရှင် အိုမန်အသင်းနှင့် ပွဲဦးထွက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

အိုမန် ယူ-၂၂ - လေးဂိုး
မြန်မာ ယူ-၂၂ - ဂိုးမရှိ

အာဆီယံ ဒေသတွင်း အသင်းများထဲတွင် တစ်သင်းတည်းသော ခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာအသင်း၏ ပွဲဦးထွက်မှာ ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ မိနစ် ၆၀ အထိ အိုမန်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး နောက်ပိုင်းမှ ခံစစ်ပိုင်းအားနည်းမှုများဖြင့် ဂိုးပြတ်သွားခဲ့ခြင်း ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းတွင် ဇော်မင်းထွန်း၊ ကျော်ကိုကို၊ ပြည့်ဖြိုးအောင်၊ နိုင်လင်းဦးတို့ဖြင့် လူစုံအသုံးပြုခဲ့သည်။ မြန်မာအသင်းပါဝင်သော အုပ်စု(က)၏ အခြားပွဲတွင် တောင်ကိုရီးယားနှင့် ဂျော်ဒန်တို့ တစ်ဂိုးစီသရေကျသွားသည်။

ကစားရမည်

မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် ဇန်နဝါရီ ၁၃ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။

❀ ကျောဖုံးမှ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ကြီးကြပ်မှုဖြင့် မျိုးဆက်သစ်အင်ဂျင်နီယာလုပ်ငန်းကော်မတီမှ Process and Products Show-2014 ပြပွဲကိုလည်း တစ်ပြိုင်တည်းဖွင့်လှစ်ပြသခဲ့သည်။ **(မြန်မာ့အလင်း)**

ဆောင်းပါး

ပွင့်လင်းရာသီ၌ သတိပြုရမည့် မီးဘေးအန္တရာယ်

အောင်နိုင်(သတင်းစဉ်)

ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ မကြာမီ ရောက်ရှိတော့မည်ဖြစ်သည်။

ဒီရာသီရောက်သည်နှင့် ပြည်သူတို့ထိတ်လန့်စိုးရိမ်ကြောင့်ကြရသည့် အကြီးမားဆုံးနှင့် အန္တရာယ်အပေးနိုင်ဆုံးမှာ ရန်သူမျိုးငါးပါးစာရင်းဝင် မီးဘေးအန္တရာယ်ပင်ဖြစ်သည်။ မီးဘေးအန္တရာယ်ကို ကာကွယ်ထိန်းချုပ်ရေးနှင့်မီးလောင်ဆုံးရှုံးမှုလျှော့ချနိုင်ရေးတို့အတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က အစွမ်းကုန်အားထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပေသည်။

ယင်းကဲ့သို့ မီးဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့သည့်အခါတိုင်း မကြောက်မရွံ့ နောက်မတွန့်ဘဲ သက်စွန့်ဆံဖျား မီးငြိမ်းသတ်ကြရသည့် မီးသတ်သမားများ၏ ပင်ကိုစွမ်းရည်မြင့်မားရေးအတွက်လေ့ကျင့်ပျိုးထောင်ပေးရန်လိုသကဲ့သို့ မီးသတ်လုပ်ငန်းများတွင်အသုံးပြုသည့် စက်ကိရိယာနှင့် ယာဉ်ယန္တရားများကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါခေတ်မီစက်ကိရိယာနှင့် ယာဉ်ယန္တရားများဖြည့်တင်းပေးနေသည့် သတင်းများကို နေ့စဉ်ထုတ်သတင်းစာများ၊ စာစောင်များ၊ ရုပ်မြင်သံကြား၊ ထုတ်လွှင့်မှုများတွင် တွေ့မြင်ဖတ်ရှုရမည်ဖြစ်ပါသည်။

ဦးတင်မင်း ဒုတိယညွှန်ကြားရေးမှူး မီးသတ်ဦးစီးဌာန။

ထို့အတွက် နေပြည်တော်အခြေစိုက် ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မင်းနှင့် သွားရောက်တွေ့ဆုံကာ သိရှိလိုသည်များကို မေးမြန်းခဲ့ပါသည်။

ရှေးဦးစွာ ဦးတင်မင်းက မြန်မာနိုင်ငံတွင် မကြာခဏဆိုသကဲ့သို့ ဖြစ်ပွားလေ့ရှိသည့် မီးလောင်မှုများနှင့် စပ်လျဉ်း၍ ဖြစ်နိုင်ခြေ၊ ဖြစ်ဖွယ်နှင့် ဆောင်ရန် ရှောင်ရန် အချက်အလက်များကို ရှင်းပြခဲ့သည်။

“၂၀၁၃ ခုနှစ် ဇန်နဝါရီလကနေ ဒီဇင်ဘာလအထိ တစ်နိုင်ငံလုံးမှာ မီးလောင်မှုအကြိမ်ပေါင်း (၁၆၇၃)ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ ဆုံးရှုံးမှုအနေနဲ့ အိမ်ခြေ ၅၀၇၂ အိမ်၊ စက်ရုံ၊ အလုပ်ရုံ၊ ဂိုဒေါင်အလုံး ၆၀၊ သေဆုံးသူ ၈၂ ဦးနဲ့ ဒဏ်ရာရရှိသူ ၁၆၈ ရှိခဲ့ပါတယ်။ တန်ဖိုးအနေနဲ့ ကျပ်သန်းပေါင်း ၄၂၅၀ ကျော်ရှိခဲ့ပါတယ်။ အလားတူ ၂၀၁၂ ခုနှစ် ဇန်နဝါရီကနေ ဒီဇင်ဘာအထိ မီးလောင်မှုအကြိမ်ပေါင်း (၁၂၁၉)ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးအနေနဲ့ ကျပ်သန်းပေါင်း ၁၀၇၀၀ ကျော်ရှိခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်ရဲ့ မီးလောင်ဆုံးရှုံးမှု အကြိမ်အရေအတွက်နဲ့ ဆုံးရှုံးမှုကို နှိုင်းယှဉ်ကြည့်တဲ့အခါမှာတော့ ၂၀၁၃ ခုနှစ်က ၂၀၁၂ ခုနှစ်ထက် မီးလောင်မှုအကြိမ်အရေအတွက်ပေါင်း(၄၅၄)ကြိမ် ပိုမိုခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးအနေနဲ့ကတော့ ၂၀၁၂ ခုနှစ်ထက် ကျပ်သန်းပေါင်း ၆၄၅၀ ခန့် လျော့နည်းခဲ့တာ တွေ့ရပါတယ်။

နှစ်စဉ်ကြုံတွေ့ခဲ့ရသည့် မီးလောင်ဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍သုံးသပ်ရာတွင် “ကျွန်တော်တို့တိုင်းပြည်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူနေမှုအဆင့်အတန်းလည်းမြင့်မားလာတယ်။ အရင်က အချိန်ပိုင်းလောက်ပဲ လုပ်ငန်းလည်ပတ်ခဲ့တဲ့စက်ရုံ၊ အလုပ်ရုံတွေက အခုဆိုရင် နေ့ရောညပါ အချိန်ပြည့်နီးပါး လုပ်ငန်းများလည်ပတ်တာကိုတွေ့မြင်ရပြီး လူ့စည်း၊ စက်ဘီးနဲ့ သွားလာနေရာကနေ အခုဆိုရင် ဆိုင်ကယ်တွေ၊ ကားတွေ သုံးစွဲမှုများပြားလာတယ်။ လယ်ယာလုပ်ငန်းများတွင်လည်း စက်မှုပစ္စည်းများ ပိုမိုတွင်ကျယ်စွာ အသုံးပြုလာသဖြင့် စက်သုံးဆီတွေ သုံးစွဲမှုတွေ များပြားလာပါတယ်။ အရင်ကလိုမဟုတ်ဘဲ လက်ကိုင်တယ်လီဖုန်း(ဟန်းဆက်) ဆိုရင်လည်း ရပ်ကွက်၊ ကျေးရွာများအထိ ပျံ့နှံ့သုံးစွဲလာတာ တွေ့ရတယ်။ အဲဒီတော့ စက်သုံးဆီတွေ သုံးစွဲရတာရှိလာပါတယ်။ ဆိုလိုတာက မီးလောင်မှုဖြစ်ပေါ်နိုင်တဲ့ လောင်စာပစ္စည်းသုံးစွဲမှုတွေ၊ အထူးသဖြင့် လောင်စာပေ့ါ။ ဥပမာ လျှပ်စစ်မီးသုံးစွဲတဲ့အခါ အပူဓာတ်ရှိ၍ လောင်စာရှိနေပါတယ်။ မီးလောင်မှု တိုင်းမှာ အချက်သုံးချက်ရှိပါတယ်။ လောင်စာ၊ အပူချိန်နဲ့ လေတို့ ဖြစ်ပါတယ်။

အပူဓာတ်ဖြစ်ပေါ်နေတဲ့အချိန် ဥပမာ လျှပ်စစ်မီးသုံးစွဲနေတဲ့အချိန်မှာ အပူဓာတ်ရှိနေပါတယ်။ ဒါကို သုံးစွဲတဲ့ပစ္စည်းကိရိယာတွေက ခံနိုင်ရည်ရှိတဲ့မီးကြိုးတွေ သုံးစွဲဖို့လိုပါတယ်။ မနိုင်တဲ့ဝန်ကို ထမ်းခြင်းအားဖြင့် လျှပ်စစ်ပိုင်းဆိုင်ရာ လောင်ကျွမ်းမှုတွေ ဖြစ်တတ်ပါတယ်။ ဒီတော့ မီးလောင်မှုတွေကို အနှစ်ချုပ်ပြန်တွက်ကြည့်မယ်ဆိုရင် မီးဖိုမီး၊ ဖယောင်းတိုင်မီး၊ ခြင်ဆေးခွေမီး၊ အမွှေးတိုင်မီး၊ စက်သုံးဆီဖြစ်တဲ့ဓာတ်ဆီတွေက မီးလောင်ကျွမ်းဖို့ အခြေခံအကြောင်းရင်းတွေဖြစ်လာပါတယ်။ နောက်ဆုံးတစ်ခုကတော့ Electrical Fire လို့ခေါ်တဲ့ လျှပ်စစ်မီးလောင်ကျွမ်းမှုတွေပဲ ဖြစ်ပါတယ်။

ဒီခြောက်မျိုးက ကျွန်တော်တို့ပတ်ဝန်းကျင်မှာ နိစ္စဓူဝ ရင်ဆိုင်ဖြစ်ပေါ်လာနိုင်တဲ့အရာတွေပါ။ လူဦးရေတိုးတက်လာတာနဲ့အမျှ ဒီလိုမတော်တဆ မီးလောင်မှုမျိုးလေးတွေက အနည်းနဲ့အများ ဖြစ်ပေါ်လာတတ်ပါတယ်။ ဒီတော့ စောစောကပြောခဲ့တဲ့အတိုင်း မီးလောင်မှုအကြိမ်အရေအတွက်က ကိန်းဂဏန်းအရတက်လာတာရှိပေမယ့် ဆုံးရှုံးမှုကတော့ တော်တော်ကျဆင်းသွားတာ တွေ့ရပါတယ်။ မီးဘေးသတိမူရေးလုပ်ငန်းတွေ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ၊ အသိပေးလှုံ့ဆော်ရေးလုပ်ငန်းတွေအပေါ် တော်တော်လေး သတိထားလာတာ တွေ့ရပါတယ်။ ပြည်သူတွေအနေနဲ့လည်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိအမြင်တွေ တိုးတက်လာတာကို ဝမ်းသာစရာတွေ့မြင်ရပါတယ်။ ကိုယ်စီကိုယ်င အသိတရားလေးတွေရှိလာတာ တွေ့ရပါတယ်” မီးဘေးအန္တရာယ်တားဆီးကာကွယ် လျှော့ချနိုင်ရေးအတွက် နိုင်ငံတော်အပိုင်းမှ စီမံဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်လုပ်ဆောင်သွားမည့် ကိစ္စရပ်များအပေါ်တွင်လည်း ဤသို့ ဆက်လက်သုံးသပ်ပြောကြားခဲ့သည်။

“အရင်တုန်းကဆိုရင် မြို့နယ်အဆင့်စခန်းတွေ မဖွင့်နိုင်ခဲ့ဘူး။ အခုဆိုရင်တော့ နိုင်ငံတော်က မြို့နယ်အဆင့်ရှိတဲ့ မြို့နယ် ၃၃၀ မှာ မီးသတ်စခန်းတွေ ဖွင့်လှစ်ခွင့်ရပြီ ဖြစ်ပါတယ်။ မီးသတ်စခန်းတွေ ဖွင့်လှစ်ခွင့်ရပြီဆိုတာနဲ့ မီးသတ်ယာဉ်လိုအပ်ချက်လေးတွေရှိလာတယ်။ လက်ရှိအစိုးရလက်ထက် ၂၀၁၂-၂၀၁၃ ဘတ်ဂျက်မှာ တရုတ်နိုင်ငံကထုတ်တဲ့ ဒေါင်ဖန်း မီးသတ်ယာဉ်အစီးရေ ၁၀၀ ဝယ်ယူဖြည့်တင်းခဲ့ပါတယ်။ ဒီမီးသတ်ယာဉ်တွေမှာ အင်ဂျင်ပါဝါကောင်းတယ်။ နောက်ပြီး ရေစည်ပါပါတယ်။ ရေဂါလန်အားဖြင့် ၈၀၀၊ ၆၀၀၊ ၄၀၀ စသဖြင့် အဲဒီလို အမျိုးမျိုးပါဝင်ပါတယ်။ မီးသတ်တဲ့အခါ ရေမှုတ်ထုတ်ဖို့အတွက် Pump ကို အင်ဂျင်ပါဝါနဲ့ မောင်းရပါတယ်။ တိုင်ကီရေကို Pressure Pump နဲ့မှုတ်ထုတ်နိုင်မှသာ မီးသတ်ယာဉ်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဂျပန်ကထုတ်တဲ့မီးသတ်ကားတွေရှိတယ်။ ပိုလန်ကထုတ်တဲ့ ကားတွေ၊ ပြည်တွင်းဖြစ်ဆင်ထားတဲ့ကားတွေလည်းရှိပါတယ်။ ဂျပန်က Isuzu ကားတွေ၊ Toyota စတဲ့ကားတွေ၊ တရုတ်နိုင်ငံထုတ် FAW ကားတွေလည်း ရှိပါတယ်။ လက်ရှိ မှာသုံးနေတဲ့ကားတွေပေါ့။

ပြောရရင် မီးသတ်ကားဖြည့်တင်းရေးကိစ္စမှာ ဂျပန်ကားတစ်စီးဝယ်ယူဖြည့်တင်းတဲ့နေရာမှာ တရုတ်ကား ရှစ်စီးနဲ့ ဆယ်စီးအကြား ပြန်လည်ဝယ်ယူဖြည့်တင်း လို့ရပါတယ်။ နောက်ပြီး သူ့ရဲ့အပိုပစ္စည်းအနေနဲ့ဆိုရင်လည်း ဂျပန်ကားက ဘာဖြစ်ဖြစ် ပြန်ဝယ်ထည့်ရခက်ခဲတယ်။ နည်းပညာပိုင်းအရ ဂျပန်ကားကပိုမြင့်တဲ့အခါ ပစ္စည်းတစ်ခုခုလိုလာရင် ပြန်လည်ပြင်ဆင်ဖို့ရာ၊ အစားထိုးဖို့ရာ နည်းနည်းခက်ခဲပါတယ်။

မီးသတ်ကားရဲ့ ပုံစံ၊ ဖွဲ့စည်းပုံအရ ဂျပန်ရော၊ တရုတ်ရော အနောက်နိုင်ငံတွေမှာပါသုံးတဲ့ မီးသတ်ကားအားလုံးမှာ အင်ဂျင်ရယ်၊ ပန့်ရယ်၊ ရေတိုင်ကီစနစ်ရယ်ဒါတွေပဲ တွဲစပ်သုံးစွဲထားတာဖြစ်ပါတယ်။ မီးငြိမ်းသတ်ယာဉ်ရဲ့စနစ်က အဲဒီလိုပါ။ လက်ရှိဝယ်ယူဖြည့်တင်းထားတဲ့ တရုတ်မီးသတ်ယာဉ် ဒေါင်ဖန်းဆိုရင် Foam လို့ခေါ်တဲ့ အမြှုပ်နဲ့မီးသတ်တဲ့ ဆေးရည်စနစ်ပါတယ်။ စက်သုံးဆီတွေကြောင့် လောင်တဲ့မီးတွေကို ငြိမ်းသတ်တဲ့နေရာမှာ သုံးတာပါ။ မနှစ်က တရုတ်နိုင်ငံက မှာယူဖြည့်တင်းတဲ့ မီးသတ်ယာဉ်အစီး ၁၀၀ အပါအဝင် မီးငြိမ်းသတ်ယာဉ် ၁၅၄၃ စီးရှိပါတယ်။ အဲဒီမှာ ရှင်းပြစရာလိုလာတာတစ်ခုက မီးသတ်ယာဉ်မှာ အမျိုးအစားလေးမျိုးရှိပါတယ်။ ပထမတစ်မျိုးက စောစောတုန်းက ကျွန်တော်ရှင်းပြခဲ့ပြီးဖြစ်တဲ့ မီးငြိမ်းသတ်တဲ့ယာဉ်ပါ။ နောက်တစ်မျိုးက မီးသတ်ရေသယ်ယာဉ်ပါ။ ရေဂါလန် ၁၂၀၀၊ ၁၆၀၀ စသဖြင့် သယ်နိုင်တဲ့ယာဉ်ပါ။ အဲဒီကားကလည်း မီးသတ်ပိုက်တပ်ထားတဲ့ယာဉ် ဖြစ်ပါတယ်။ ကိုယ်တိုင်လည်း မီးသတ်လို့ရသလို သူများကိုလည်း ရေဖြည့်တင်းပေးနိုင်တဲ့ ယာဉ်ဖြစ်ပါတယ်။ နောက် တတိယတစ်မျိုးက မီးသတ်စက်ယာဉ်ပါ။ သူကတော့ ရေမပါဘူး။ မီးသတ်ဖို့ Pump ပါတယ်။ သူက ကြားခံဖြစ်တဲ့အတွက် မီးသတ်ကားတွေကို နီးစပ်ရာရေကန်ကနေ ရေပေးပို့နိုင်သလို ပိုက်တွေ အတော်များများကို တွန်းပို့ပေးနိုင်တဲ့ကားဖြစ်ပါတယ်။

ဒီနေ့ အရပ်ဘက်မှာသုံးနေတဲ့ ကူဘိုတာတို ဟွန်ဒါ

စာမျက်နှာ ၁၁ သို့

> **“ မီးဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့သည့်အခါတိုင်း မကြောက်မရွံ့ နောက်မတွန့်ဘဲ သက်စွန့်ဆံဖျားမီးငြိမ်းသတ်ကြရသည့် မီးသတ်သမားများ၏ ပင်ကိုစွမ်းရည်မြင့်မားရေးအတွက် လေ့ကျင့် ပျိုးထောင်ပေးရန်လိုသကဲ့သို့ မီးသတ်လုပ်ငန်းများတွင်အသုံးပြုသည့် စက်ကိရိယာနှင့် ယာဉ်ယန္တရားများကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ ”**

ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အဖွဲ့လိုက်ပူးပေါင်းဆွေးနွေးဆောင်ရွက်ရန်ဖိတ်ခေါ်

[illegible]

လုပ်ငန်းအဖွဲ့များ

[illegible]

ပျောက်ဆုံးကြောင်း

SEIN YATANAR MON KJAUMJE, LTD ၏ 16.3.1998 ရက်စွဲပါ 624/96-97 အရ Registration No.HTA THA KA-8878 သွင်းကုန်/ထုတ်ကုန်ကတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်အကြောင်းကြားပေးပါရန်။ ဖုန်း-၀၂-၆၈၂၈၃

ထမင်းချက်အလိုရှိသည်

မြန်မာထမင်းဟင်း၊ အနောက်တိုင်း အစားအစာ ကျွမ်းကျင်စွာ ချက်နိုင်သူ အမျိုးသမီး အသက်(၃၅)နှစ်အထက် (မိသားစုချက်ကျွေးရန်) နေစရာ စီစဉ်ပေးမည်။ စားစရိတ်ငြိမ်း၊ လစာညှိနှိုင်း။

စုံစမ်းရန်

ဖုန်း-၀၉-၇၃၀၅၆၈၅၂

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုတိုး

ရန်ကုန်တိုင်း ဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် (ဆ/က) ရပ်ကွက် သမာဓိ(၂)လမ်း မိသားစုက ပထမအကြိမ် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက်တွင် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

ချင်းပြည်နယ်အတွင်း တောတောင်သစ်ပင်ပန်းမန်များထိန်းသိမ်းစောင့်ရှောက်

တီးတိန် ဇန်နဝါရီ ၁၂

ချင်းတောင် ကနေဒီ စိမ်းလန်းစိုပြည်ရေးအဖွဲ့က ချင်းတောင်ပေါ်ရှိ သစ်ပင်တောတောင်များ ထိန်းသိမ်းရန်နှင့် ချင်းတောင်ပေါ်သို့ သွားလာသည့် မော်တော်ယာဉ်များကို အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းကျေးရွာတွင် ပြီးခဲ့သည့် ဒီဇင်ဘာလက ဓာတ်ပုံနှင့် ချင်းပြည်နယ်အလှကို ဖော်ကျူးသည့် "ချယ်ရီ၊ တောင်ဇလပ်ကို ထိန်းသိမ်းကာကွယ်ကြပါစို့--" ဟူသည့် စာတန်းပါ စတေကာများကို မော်တော်ယာဉ်များပေါ်၌ကပ်ခြင်းဖြင့် လှုပ်ရှားမှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ယခုအခါ ချင်းတောင်ပေါ်တွင် တစ်နှစ်ထက်တစ်နှစ် သစ်တောသစ်ပင်များ ပြန်းတီးလာပြီး ရာသီဥတုဖောက်ပြန်လာကြောင်း၊ ပြည်နယ်၏ သင်္ကေတပြု ချယ်ရီနှင့် တောင်ဇလပ်ပန်းပင်များမှာလည်း တဖြည်းဖြည်း ပြုန်းတီးစပြုလာပြီဖြစ်ကြောင်း၊ ထို့ကြောင့် သစ်တော၊ သစ်ပင် ပန်းမန်များ ချစ်မြတ်နိုးပြီး ထိန်းသိမ်းတတ်လာစေရန်ရည်ရွယ်၍ ဓာတ်ပုံ စတေကာများကပ်ကာ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ချင်းတောင် ကနေဒီ စိမ်းလန်းစိုပြည်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်အတွင်း ချယ်ရီပင်နှင့် တောင်ဇလပ်ပင်များ ထိန်းသိမ်းရန်အတွက် ပြည်နယ် အစိုးရအနေဖြင့် ခွင့်ပြုပေးသွားမည်ဖြစ်ပြီး ပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေရာ လျာထားချက်များတွင် ကနေဒီတောင်လည်းပါဝင်ပြီး အဆိုပါ ချင်းတောင် ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့သည် တီးတိန်မြို့နယ်တွင် သစ်ပင်ပန်းမန်များ ပြန်လည်စိုက်ပျိုးခြင်း၊ လက်ရှိ သစ်တောများ ထိန်းသိမ်းခြင်းနှင့် လူမှုပရဟိတ လုပ်ငန်းများကို လုပ်ဆောင်နေရာ ကော်မတီအဖွဲ့ဝင်ပေါင်း ၃၀ ခန့်ဖြင့် လှုပ်ရှား ဆောင်ရွက်နေကြကြောင်း သိရသည်။

နေစု

စာမျက်နှာ ၁၀ မှ

pump တို့ဆိုတာ fire pump မဟုတ်ပါဘူး။ သူတို့က capcity pump တွေပါ။ pressure pump မဟုတ်ပါဘူး။ ပိုက်လေးတစ်လိပ်လောက်ပဲ Pressure ပေးနိုင်တယ်။ နှစ်လိပ်လောက်ဆိုရင် မနိုင်တော့ဘူး။ နောက်က မတွန်းနိုင်တော့ဘူးပေါ့။ ဒီလိုရှင်းပြရခြင်းက မီးသတ်စက်ယာဉ်ဆိုတာ ဒါတွေမပါတာကို ပြောတာဖြစ်ပါတယ်။ ရေတိုင်ကီ မပါဘူး။ သို့သော် သူ့မှာ မီးသတ်စက်ကိရိယာတွေပါတယ်။ မီးသတ်ဆေးဘူးတွေ။ နောက်ပြီး Equipment တွေ၊ ပိုက်လိုင်းတွေ စသဖြင့်ပေါ့။

မီးသတ်အထောက်အကူပြုယာဉ်ကျတော့ အထပ်မြင့် မီးငြိမ်းသတ်တဲ့လုပ်ငန်းတွေ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေမှာ သုံးသလို မီးလောင်မှုကြီးတွေမှာ ရေပြတ်တောက်မှုမရှိစေရအောင် အချိန်ကြာကြာ ရေပေးဝေနိုင်တဲ့ ယာဉ်တွေကို ခေါ်ဆိုတာဖြစ်ပါတယ်။ ဥပမာ Truntable Ladder၊ Water Tower၊ Snorkle၊ Rescue Truck နဲ့ မီးစက်ယာဉ်၊ ကရိန်း၊ ဆီတင်ယာဉ်၊ လူနာတင်ယာဉ်နဲ့ ရေဂါလန် ၂၀၀၀ အထက်ဆံ့တဲ့ မီးသတ်လုပ်ငန်းကို အထောက်အကူပြုတဲ့ ယာဉ်တွေကို ပြောတာဖြစ်ပါတယ်။

ဒီတော့ ကျွန်တော်တို့မှာ မီးငြိမ်းသတ်ယာဉ် ၇၆၂ စီး ပြီးခဲ့တဲ့နှစ်က ဝယ်ယူဖြည့်တင်းခဲ့တဲ့ ဒေါင်ဖန်း မီးသတ်ယာဉ်အစီး ၁၀၀ အပါအဝင် ဖြစ်ပါတယ်။ နောက်ပြီး ရေသယ်ယာဉ် ၅၇၅ စီး၊ မီးသတ်စက်ယာဉ် ၃၄၀ စီးနဲ့ အထောက်အကူပြု ယာဉ် ၆၆ စီး စုစုပေါင်း ၁၅၄၃ စီးရှိနေပါပြီ။ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ နောက်ထပ် ဒေါင်ဖန်းမီးသတ်ယာဉ် ၂၂၂ စီး ထပ်မံမှာယူထားပါတယ်" ဟု ဖြေကြားခဲ့သည်။

အလားတူ မီးသတ်မော်တော်ယာဉ်များကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ်မီးသတ်စခန်းများသို့ ဖြန့်ဝေပေးပို့ရန် အစီအစဉ်များနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် "ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအရ မြို့နယ်အဆင့် မီးသတ်စခန်းတစ်ခုမှာ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးနဲ့ မီးသတ်စက်ယာဉ်တစ်စီး စုစုပေါင်း လေးစီးထားရှိနိုင်ဖို့ စီမံဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီနှစ် ဝယ်ယူဖြည့်တင်းမယ့် မီးငြိမ်းသတ်ယာဉ် ၂၂၂ စီး ရောက်မယ်ဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ မြို့နယ်အသီးသီးက မီးသတ်စခန်းတွေကို ဖွဲ့စည်းပုံသတ်မှတ်ချက်အတိုင်း ဦးစားပေးအဆင့်သတ်မှတ်ပြီး ဖြန့်ဝေပေးပို့သွားမှာဖြစ်ပါတယ်။ အဲဒီနေရာမှာလည်း ဦးစားပေးအဆင့်ဆိုတဲ့အတိုင်း တိုင်းဒေသကြီး/ ပြည်နယ်တွေက မြို့နယ်တွေရဲ့ ရပ်ကွက်/ကျေးရွာအုပ်စု အရေအတွက်ရယ်၊ အိမ်ခြေနဲ့ လူနေထူထပ်မှုတွေကို ထည့်သွင်းစဉ်းစားသွားရမှာ ဖြစ်ပါတယ်။ အလားတူပါပဲ၊ အဲဒီမြို့နယ်မှာရှိတဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အားတွေ၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံတွေ တည်ရှိနေမှုတွေ နောက်တစ်ခုက အဲဒီမြို့နယ်ရဲ့ ၁၀ နှစ်တာကာလအတွင်း မီးလောင်မှု အကြိမ်အရေအတွက်နဲ့ ဆုံးရှုံးမှုတန်ဖိုးတွေကိုပါ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ အရေးကြီးဆုံး နောက်တစ်ချက်က မီးသတ်ယာဉ်တွေ ဝင်ထွက်သွားလာနိုင်မယ့် လမ်းတွေအပေါ်မှာလည်း ထည့်သွင်းစဉ်းစားရမှာပါ။"

ဟုတ်ကဲ့။ အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်ရွေးရှုလျှောက်လှမ်းနေကြသည့် မျက်မှောက်ကာလသမယတွင် နိုင်ငံတစ်ဝန်းလုံးအနေဖြင့် ရန်သူငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် မီးဘေးအန္တရာယ်ကို တစ်ဦးတစ်ယောက်ချင်း ကိုယ်စီအသိဖြင့် ဝိုင်းဝန်းကာကွယ် တားဆီးနိုင်စေရန်အတွက် ဖော်ပြရေးသားအပ်ပါသည်။

မိတ္ထီလာမြို့၌ မိသားစုအတွင်း အချင်းများရာမှ လူသတ်မှုဖြစ်ပွား

လူသတ်မှုကျူးလွန်ရာတွင် ပါဝင်သူသုံးဦးအား မိတ္ထီလာရဲစခန်းက ထိန်းသိမ်းချုပ်နှောင်ထား

နေပြည်တော် ဇန်နဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ဇန်နဝါရီ ၁၁ ရက် ညနေပိုင်းက မိသားစုအတွင်း အချင်းများရာမှ လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ပြီး လူသတ်မှုကျူးလွန်ရာတွင်ပါဝင်သူ သုံးဦးကို မိတ္ထီလာရဲစခန်းက ထိန်းသိမ်းချုပ်နှောင်ထားကြောင်း သတင်းများအရ သိရသည်။

ဇန်နဝါရီ ၁၁ ရက် ညနေ ၅ နာရီခွဲခန့်တွင် မိတ္ထီလာမြို့ ပြည်သာယာတောင်ရပ်ကွက် (၁) ပတ်လမ်းနေ ဖိုးပြူး(ခ)ဝင်းကိုကိုနေအိမ်၌ လွန်ခဲ့သော နှစ်ရက်ခန့်က ခင်ပွန်းဖြစ်သူနှင့် စကားများပြီး ရောက်ရှိနေသော မခင်ရွှေမြင့်အား တစ်ရပ်ကွက်တည်းနေ မယားညီအစ်ကိုတော်စပ်သူ မခင်ရွှေမြင့်၏ခင်ပွန်း အောင်ဇော်ထွေးက သွားရောက်ခေါ်ယူရာမှ ဖိုးပြူးက ဆဲဆိုကြိမ်းမောင်းသဖြင့် အောင်ဇော်ထွေး၏ညီဖြစ်သူ ဇော်မျိုးထွေးက ဖိုးပြူးအား လေးခွဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ယင်းသို့ ပစ်ခတ်မှုကို ဇော်မျိုးထွေး၏အစ်ကိုဖြစ်သူ ဖိုးနီ(ခ)ဇော်ထက်က ဝင်ရောက်ဖျန်ဖြေတားမြစ်စဉ် ဖိုးပြူးက ဓားဖြင့်ထိုးခဲ့မှုကြောင့် ဖိုးနီ၏ ယာဘက်နံကြားတွင် ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိခဲ့ကြောင်း၊ ထို့ကြောင့် အောင်ဇော်ထွေးက ဖိုးပြူးအား တုတ်ဖြင့်ရိုက်ပြီး လဲကျသွားစဉ် ဖိုးပြူးယူဆောင်လာသောဓားဖြင့် ထပ်မံထိုးသဖြင့် ဖိုးပြူး၏ ဝဲဘက်နံကြားတွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်နှင့် ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ကနဦးစစ်ဆေးချက်မှတ်တမ်းများအရ သိရသည်။

အခင်းဖြစ်ပွားသည့် နေရာတွင် ဒဏ်ရာရရှိခဲ့သူ ဖိုးနီအား မိတ္ထီလာဆေးရုံ၌ အချုပ်ဖြင့် ဆေးကုသပေးလျက်ရှိပြီး အောင်ဇော်ထွေးနှင့် ဇော်မျိုးထွေးတို့အား မိတ္ထီလာအကျဉ်းထောင်၌ ထိန်းသိမ်းချုပ်နှောင်ထားကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မလိုလားအပ်သော ပြဿနာများ ထပ်မံမဖြစ်ပွားစေရေးအတွက် မိတ္ထီလာမြို့နှင့် အနီးတစ်ဝိုက် လုံခြုံရေးစနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုဖြစ်စဉ်မှာ မိသားစုအတွင်း ဖြစ်ပွားသည့် မှုခင်းဖြစ်စဉ်တစ်ခုသာ ဖြစ်ကြောင်း၊ လူမျိုးရေး၊ ဘာသာရေး၊ ဇန်ပြကာ ဆူပူလိုသူတချို့က ယင်းဖြစ်စဉ်အပေါ် ပုံကြီးချဲ့ပြီး ကောလာဟလများ ထုတ်လွှင့်လျက်ရှိရာ ပြည်သူလူထုအနေဖြင့် ယုံကြည်မှု မရှိကြရန် တာဝန်ရှိသူများက မေတ္တာရပ်ခံပန်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုသင်တန်းဆင်းပွဲ ကောလင်း၌ကျင်းပ

ကောလင်း ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကျင်းပသော ဓမ္မရောင်ခြည် ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှုနည်းပြသင်တန်းဆင်းပွဲကို ဇန်နဝါရီ ၉ ရက်က ကောလင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအေးလွင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်လှရွှေတို့က အမှာစကားပြောကြားပြီး သင်တန်းသားသင်တန်းသူ ၁၅၃ ဦးတို့အား တာဝန်ရှိသူများက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(၀၉၂)

M.E.H.S/အထက(၁) ဒဂုံ (၁၉၅၄ မှ ၁၉၈၀)၏

အာစရိယပူဇော်ပွဲ

M.E.H.S/အထက(၁)ဒဂုံ (၁၉၅၄ - ၁၉၈၀) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ မပျက်မကွက် ကြွရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်(စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - အထက(၁)ဒဂုံ၊ ဒဂုံသီရိခန်းမ

ဆက်သွယ်ရန် - Albert ဖုန်း-၀၉-၅၀၀၈၇၅၀၊ Henry ဖုန်း-၀၉- ၅၀၀၉၀၉၃၊ Selwyn ဖုန်း-၀၉-၅၁၃၉၄၀၉၊ Htoo Aung Gyi ဖုန်း-၀၉-၄၃၀၃၂၂၀၄၊ Myat Soe Win ဖုန်း-၀၉-၅၁၂၆၇၇၅၊ Ruby ဖုန်း-၀၉-၅၀၉၄၆၆၅၊ Wai Mar Win ဖုန်း-၀၉-၇၃၂၀၁၂၆၇၊ San San ဖုန်း-၀၉-၅၀၁၇၁၉၆၊ Thiri Mar ဖုန်း-၀၉-၅၀၂၁၂၄၁၊ Aye Aye ဖုန်း-၀၉-၅၀၆၃၈၄၀

ဆဌမအကြိမ် မြတ်ဆရာပူဇော်ပွဲ

အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၊ မော်လမြိုင်မြို့
(ယခင်မောင်ငံကွင်းကျောင်း)

ပူဇော်ပွဲကျင်းပမည့်ရက် - ၂-၂-၂၀၁၄ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈:၀၀ နာရီ
ကျင်းပမည့်နေရာ - အလက(၂)၊ မော်လမြိုင်
ဆက်သွယ်ရန် -
ဒေါ်ကြည်ကြည်သန်း(အလက-၂၊ ကျောင်းအုပ်) ဖုန်း-၀၅၇-၂၂၀၉၃
ဦးသိန်းညဏ် ဖုန်း-၀၉-၄၂၅၂၇၄၆၁၅
ကိုစိုးနိုင် ဖုန်း-၀၉-၄၂၅၂၇၁၇၁၁
ကိုကျော်လွင် ဖုန်း-၀၉-၄၂၅၂၆၃၁၄၄
ဒေါ်မြင့်မြင့်အေး ဖုန်း-၀၉-၅၄၁၀၃၆၆
ကိုညိုဝင်းအောင် ဖုန်း-၀၉-၈၇၀၀၇၃၄
(ဆရာပီတိပွားနိုင်ရေးပူဇော်ပွဲသို့ လှမ်းခဲ့လေး...)

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

စမ်းချောင်းဇေယျဝတီ(ဗဟို)လမ်းမကြီးပေါ်ရှိ အကျယ် (၁၇ပေ×၅၀ပေ)၊ ခုနစ်လွှာ C၊ အိမ်ရှေ့ဝရန်တာပါ၊ ရေချိုးခန်း၊ အိမ်သာဘိုထိုင်ကြွေပြားကပ်၊ မီးဖိုခုံ၊ ဘေဇင်၊ မီးဖိုချောင်၊ ကြွေပြားခင်း၊ ကိုယ်ပိုင်မီတာ၊ မော်တာ၊ ကျပ်သိန်း ၄၅၀။

ဖုန်း-၀၉-၇၃၁၆၄၄၃၀၊ ၀၉-၈၆၂၇၀၄၅

[illegible]

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရှမ်းပြည်နယ်၊ တောင်ကြီးမြို့
အမျိုးသမီးနှင့်ကလေးဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အမျိုးသမီးနှင့်ကလေး ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ၉-၁-၂၀၁၄ရက်မှ စ၍ ရုံးဖွင့်ရက် ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံးသို့ လာရောက်၍လည်းကောင်း၊ ဖုန်းနံပါတ် ၀၈၁-၂၀၁၈၄၁၊ ၀၈၁-၂၁၂၁၅၁၂၊ ၀၉-၅၂၀၄၃၉၂တို့သို့ လည်းကောင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် -၉-၁-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၂၂-၁-၂၀၁၄ရက် ညနေ ၄နာရီ

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
အမျိုးသမီးနှင့်ကလေးဆေးရုံကြီး
တောင်ကြီးမြို့

ပြည်တွင်းသတင်း

ရေစကြိုမြို့နယ်တွင် စပါးခြွေလှေ့စက်ပိုင်ရှင်များ စီးပွားရေးတွက်ခြေကိုက်လျက်ရှိ

ရေစကြို ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်၍ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းလျက်ရှိသည်။ ထိုကဲ့သို့ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ရေစကြိုမြို့နယ်အတွင်းရှိ တောင်သူများအနေနှင့်လည်း စက်မှုလယ်ယာသို့ တစ်စတစ်စ ကူးပြောင်းလာကြသည်ကိုတွေ့ရသည်။ ရေစကြိုမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများသည် ထွန်ယက်စိုက်ပျိုးရာတွင် လယ်ထွန်စက်များကို အသုံးပြုလာသကဲ့သို့ သီးနှံများ ရိတ်သိမ်းပြီးချိန်တွင်လည်း စိုက်ခင်းထဲ၌ပင် တလင်းပျောက်စနစ်ကိုကျင့်သုံးခြင်းအားဖြင့် ရိတ်သိမ်း၍ ခြွေလှေ့စက်များကို အသုံးပြုလာကြသည်ဟု သိရသည်။ ယခုအချိန်သည် ရေစကြိုမြို့နယ်တွင် မိုးစပါးများ ရိတ်သိမ်းနေကြသည်ဟုသိရပြီး ရွှေကျောင်းကျေးရွာရှိ စပါးစိုက်ခင်းများတွင် ခြွေလှေ့စက်များအသုံးပြုကာ စပါးခြွေလှေ့နေကြသည်ဟု သိရသည်။

အဆိုပါ ခြွေလှေ့စက်ကို ပိုင်ဆိုင်မှုမရှိသူများကလည်း ငှားရမ်းအသုံးပြုလာကြသည်။ စပါးခြွေလှေ့စက်များကိုအသုံးပြုခြင်းဖြင့် သီးနှံလေလွင့်ဆုံးရှုံးမှုနည်းပါးခြင်း၊ အလုပ်သမားများစွာ အသုံးမပြုရသဖြင့် ကုန်ကျစရိတ်သက်သာခြင်း၊ ခြွေလှေ့စက်သည် တစ်နာရီလျှင် စပါးတင်း ၅၀ မှ တင်း ၆၀ ကြား ခြွေလှေ့နိုင်သည့်အတွက် အချိန်ကုန်သက်သာခြင်း စသည့် အကျိုးကျေးဇူးများရရှိကြသောကြောင့် တောင်သူအတော်များများက ခြွေလှေ့စက်များ ကိုယ်ပိုင်ဝယ်ယူ၍သော်လည်းကောင်း၊ ငှားရမ်း၍သော်လည်းကောင်း အသုံးပြုလျက်ရှိကြသည်။ ခြွေလှေ့စက်ကို ကိုယ်ပိုင်ဝယ်ယူအသုံးပြုကြသော တောင်သူများအနေနှင့် စက်ကို မိမိတို့၏လယ်မြေများတွင် အသုံးပြုရသကဲ့သို့ အခြားတောင်သူများအားလည်း အငှားလိုက်မောင်းပေးရသဖြင့် တွက်ခြေကိုက်လျက်ရှိသည်ဟု သိရသည်။ စပါးခြွေလှေ့စက်ပိုင်ရှင်တစ်ဦးကို မေးမြန်းကြည့်ရာ စပါးခြွေလှေ့စက်ကို ငှားရမ်းရာတွင် ခြွေလှေ့စက်ပိုင်ရှင်က စပါးတင်း ၁၀၀ လျှင် စပါးခြောက်တင်း ခြွေလှေ့ခယူသည်ဟု သိရသည်။ စပါးတင်း ၁၀၀ လျှင် ခြွေလှေ့ချိန် တစ်နာရီခွဲခန့်သာ ကြာတတ်၍ စက်မောင်းဆီ တစ်ဂါလန်လျှင် လေးနာရီကြာအောင် မောင်းရသောကြောင့် တွက်ခြေကိုက်သည်ဟု သိရသည်။

ထိုကဲ့သို့ ခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့ရာတွင် ယခုကဲ့သို့ ဆောင်းရာသီမျိုးတွင် စပါးနှံများသည် နှင်းမိထား၍ စိုနေသဖြင့် စပါးနှံများ အတန်ငယ် ခြောက်သွေ့သွား၍ နှင်းကွဲသွားချိန် နံနက် ၁၀ နာရီခန့်တွင်မှ စတင်ခြွေလှေ့ကြောင်း သိရသည်။ နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲထိလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိလည်းကောင်း စက်မောင်းခြွေလှေ့ပေးလေ့ရှိပြီး စက်ပိုင်ရှင်မအားပါက စပါးနှံများကို စက်ထဲထည့်ပေးရန် အလုပ်သမားကို တစ်နေ့ငွေကျပ် ၃၀၀၀ သို့မဟုတ် စပါးရှစ်ပြည်ပေး၍ အလုပ်သမားငှားရသည်ဟုသိရပြီး တစ်နေ့လျှင် စပါးတင်း ၃၀၀ ခန့် ခြွေလှေ့ပေးရသည့်အတွက် ခြွေလှေ့စက်ပိုင်ရှင်အနေဖြင့် တစ်နေ့ ၁၈ တင်းခန့် ရရှိသည့်အတွက် တွက်ခြေကိုက်လျက်ရှိသည်ဟု သိရသည်။

အိမွန်ဆွေ(ရေစကြို)

ပြောင်းရိတ်သိမ်းချိန် အလုပ်သမားရှားပါးမှုနှင့် တွေ့ကြုံနေရ

မလှိုင် ဇန်နဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် နတ်တော်လကုန်နှင့် ပြာသိုလဆန်းကာလသည် ဝါခေါင်လအတွင်း စိုက်ပျိုးထားခဲ့သည့် နှံစားပြောင်းရိတ်သိမ်းချိန်ဖြစ်သည်။ နှံစားပြောင်းသည် တောင်သူများ၏ ခိုင်းနွားများအတွက် အရေးကြီးသည့်နွားစာဖြစ်၍ ရိတ်သိမ်းချိန်တွင် အလေအလွင့်မရှိစေရန် အချိန်မီရိတ်သိမ်းကြရသည်။ နွေကာလ၌ နွားစာအခက်အခဲမရှိစေရန်စနစ်တကျ သိမ်းဆည်းသိုလှောင်ကြရသည်။ သို့သော် ယခုနှစ်ပြောင်းရိတ်သိမ်းချိန် ကာလတွင် တောင်သူများ အလုပ်သမားရှားပါးမှုအခက်အခဲနှင့် ကြုံတွေ့နေရခြင်းဖြစ်သည်။ "ဒီအချိန်က တောင်သူတွေ ပြောင်းရိတ်ချိန် ဖြစ်နေတဲ့အတွက် အလုပ်သမားကို အလုအယက်ခေါ်နေရတယ်။ ရွာမှာက အလုပ်သမားရှားကုန်ပြီ၊ တစ်နေကုန်မှ လုပ်အားခငွေကျပ် ၁၅၀၀ ကနေ ၂၀၀၀ အထိ သာပေးနိုင်တာဆိုတော့ မြို့တက်ပြီး အလုပ်လုပ်ကြတာ များလာတယ်၊ လူခေါ်လို့မရလို့ သူ့အလှည့်ကိုယ့်အလှည့် စောင့်ခေါ်နေရတယ်" ဟု ကူကြီးကျေးရွာမှ တောင်သူဦးစန်းလွင်က ပြောပြသည်။

အောင်ငွေး(မလှိုင်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၂-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၇၀၀၀-၆၁၈၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၇၅၀၀-၆၁၈၈၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၃-၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၇၆-၁၃၃၈	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၆၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၄၇-၃၀. ၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၃-၁၆. ၂	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၇၀-၂၈၂	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၅၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၇၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၈၀၀-၃၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၂၀၀-၃၀၅၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၇၀၀-၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၃၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းတင်ပြသည်။

လက်ရက်ကန်းစင်များကြောင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းရရှိ

ကျွန်းလှ ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သံဘိုကျေးရွာ၌ လက်ခတ်ရက်ကန်းများ တည်ထောင်လာကြရာ ကျေးရွာနေအမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းများရရှိနေကြောင်း သိရသည်။

ထိုလက်ခတ်ရက်ကန်းသို့ ရောက်ရှိရာ ရက်ကန်းပိုင်ရှင်တစ်ဦးက ကျေးရွာနေအမျိုးသမီးများ အလုပ်အကိုင်ရရှိစေရန်ရည်ရွယ်၍ ရက်ကန်းခတ်နည်းကို ငွေကုန်ခံအပင်ပန်းခံပြီး မြစ်ကြီးနားမြို့တွင် တစ်နှစ်နီးပါး သွားရောက်သင်ယူရကြောင်း၊ ရက်ကန်းစင်ကိုလည်း ငွေကျပ် လေးသိန်းပေး၍ တည်ထောင်ထားကာ ရွာထဲမှ အမျိုးသမီးများကို ပြန်လည်သင်ပေးပြီး ယခုအခါ ရွာထဲတွင် ရက်ကန်းစင် လေးစင်အထိရှိလာရာ ရက်ကန်းခတ်သူများမှာလည်း နေ့တွက်ရရှိနေပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ရက်ကန်းပိုင်ရှင်က ၎င်းတို့၏ရက်ကန်းစင်တွင် အမျိုးသမီးဝတ် ကချင်လုံချည်၊ အင်္ကျီများကို ရက်ကြကြောင်း၊ လုံချည်နှင့် အင်္ကျီမှာ ချည်နှစ်လိမ်ကုန်ကြောင်း၊ ချည်တစ်လိမ်ကို ငွေကျပ် ၁၀၀၀၀ ပေးရကြောင်း၊ ရက်ခကိုလည်း ၁၀၀၀၀ ပေးရကြောင်း၊ ရက်ပြီးလုံချည်နှင့် အင်္ကျီများမှာ အပွင့်ပေါ်မူတည်ပြီး ဈေးနှုန်းသတ်မှတ်ရကြောင်း၊ တစ်လလျှင် သုံးစုံရက်ပြီးကြောင်း၊ ရက်ပြီးလုံချည်၊ အင်္ကျီများကို မြစ်ကြီးနားမြို့သို့ တစ်ထည်လျှင် ငွေကျပ် ၂၀၀၀၀မှ ၄၀၀၀၀ အထိ ပြန်လည်ရောင်းချရကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ကန့်ကွက်နိုင်ပါသည်

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)ဖြင့် မုံရွာမြို့၊ မန်းကျည်းကုန်းလမ်း၊ ချမ်းမြသာစည်ရပ်နေ သန်းကုဋေအောင်ကုမ္ပဏီလီမိတက်နှင့် မုံရွာအုပ်စုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဖခင်ကြီး **သုဓမ္မမဏိဇောတဓရ ဦးသန်းထွန်းအား သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ထပ်မံချီးမြှင့်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

ဘဏ်ဥက္ကဋ္ဌကြီးနှင့်
ရောဝတီဘဏ်လီမိတက်မိသားစု(မုံရွာဘဏ်ခွဲ)

Ph : 380141, 241863, 09 43043109, 09 73251422

အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ မြနှစ်ကျေးရွာနေ ဦးပွဲဦး ၅/တဆန(နိုင်)၁၀၄၈၉၆၏သမီး မကြည်ဇာထွန်းနှင့် မကြည်သာထွန်းမှာ တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၄-၁၀-၁၉၉၃ဖြစ်ပါသည်။

လက်ရှိလုပ်ငန်းလည်ပတ်ရောင်းချနေသော စက်သုံးဆီအရောင်းဆိုင်(၃)ဆိုင်ရောင်းမည်

လက်ရှိဖွင့်လှစ်ရောင်းချနေသော စက်သုံးဆီအရောင်းဆိုင်(၃)ဆိုင်အား စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသော စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်၊ သတ္တုတွင်းလိုင်စင်၊ ဓာတ်ဆီခွဲတမ်းများနှင့်အတူ မြေပိုင်ဆိုင်ခွင့်ဂရန်အမည်ပေါက်ပြီး လုပ်ငန်းတစ်ခုလုံး ရောင်းချမည်။

စုံစမ်းရန် ဖုန်း-၀၉-၆၀၁၅၅၄၄၂၆

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ရွှေမော်ဓော (နေ့စဉ်)
Ph:209200,430480,544383

ပျောက်ဆုံးကြောင်း

လားရှိုးမြို့ ရပ်ကွက်(၅)၊ နယ်မြေ (၁၅) (၃၈)လမ်း၊ ၁၇×၁၉လမ်းနေ ဦးမြင့်သန်း၏သမီး နန်းမွေခမ်း၏ နိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပါရန်။ **နန်းမွေခမ်း**
ဖုန်း-၀၉-၂၅၆၆၂

ပျောက်ဆုံးကြောင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၂)နေ မချင်ချင်းမေ KYIN KYEIN MAY၏ နိုင်ငံကူးလက်မှတ် A-371640 သည် မန္တလေးမြို့တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပါရန်။ **မချင်ချင်းမေ**
ဖုန်း-၀၉-၄၀၃၇၄၃၁၀၆

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။ (သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

(၇)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနားများ စည်ကားစွာကျင်းပမည် ဝင်ခွင့်လက်မှတ်များစတင်ရောင်းချ

နေပြည်တော် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို ၂၀၁၄ နှစ်၊ ဇန်နဝါရီ ၂၀ ရက်တွင်လည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား ကွင်း၌ ခမ်းနားသိုက်မြိုက်စွာကျင်းပ သွားမည်ဖြစ်သည်။

အဆိုပါအားကစားပြိုင်ပွဲ ဖွင့်ပွဲ အတွက် ဝင်ခွင့်လက်မှတ်များကို ဇန်န ဝါရီ ၁၁ ရက်မှ စတင်ကာ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဂိတ်အမှတ် (၁) အနီးရှိ Accreditation Center၊ ပျဉ်းမနားမြို့နယ် ပေါင်းလောင်း အားကစားကွင်း၊ နေပြည်တော် ဟိုတယ်ဇုန်ရှိ Junction Center နှင့် လယ်ဝေးမြို့နယ်ရှိ Training Center (2) တို့တွင် လည်းကောင်း၊ ပိတ်ပွဲ အခမ်းအနားအတွက် ဝင်ခွင့်လက်မှတ် များကို ဇန်နဝါရီ ၁၅ ရက်မှ စတင်ကာ အထက်ဖော်ပြပါ နေရာများ၌လည်း ကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား များပြသကာ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း နှင့် အထူးတန်းအတွက် ဝင်ကြေး ၅၀၀၀ိ/ ကျပ်၊ ရိုးရိုးတန်းအတွက် ဝင်ကြေး ၃၀၀၀ိ/ ကျပ် သတ်မှတ် ထားသည်။ **(သတင်းစဉ်)**

အာဆီယံမသန်စွမ်းပြိုင်ပွဲတွင် ပြသမည့် အလှဆင်ယာဉ်များ ပြင်ဆင်

နေပြည်တော် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် ကျင်းပပြုလုပ်မည့် (၇)ကြိမ်မြောက်အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်၍ ဖွင့်လှစ်ကျင်းပတော့မည်ဖြစ်သည်။ ဖွင့်ပွဲရက်နီးလာသည် နှင့်အမျှ ဖွင့်ပွဲ/ပိတ်ပွဲ လုပ်ငန်းကော်မတီများအနေဖြင့် ဖွင့်ပွဲ၊ ပိတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြို တင်ပြင်ဆင်မှုများကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏ သိဒ္ဓိအားကစားကွင်းရှိ သက်ဆိုင်ရာအားကစားရုံများ၌ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ဖွင့်ပွဲ၊ ပိတ်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ အနေဖြင့် မြန်မာ့ရိုးရာ အမျိုးသမီးငယ်ဆိုင်းဝိုင်း၊ ကြည့်မြင်တိုင် မျက် မမြင်ဆိုင်းဝိုင်း၊ တယောတူရိယာတီးဝိုင်းတို့ကို အလှဆင် ယာဉ်များဖြင့်တင်၍ ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ အဆိုပါ အလှဆင်ယာဉ်များကို ကြိုတင်ပြင်ဆင်မွမ်းမံမှုများ ပြု လုပ်နေသည်ကို ဇန်နဝါရီ ၁၁ ရက် ညနေ ၃ နာရီခွဲက တွေ့ရှိရသည်။ **(အပေါ်ပုံ)**

ခင်ဇော်(မင်္ဂလာ)

Horizon Open Table Tennis Championship 2014 ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်နှင့် Horizon တို့ ပူးပေါင်း၍ Horizon Open Table Tennis Championship 2014 ပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်မှ ၂၆ ရက် အထိ ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ် (၂၃၅) ရှုခင်းသာ မြို့ပတ် လမ်းရှိ သန်လျင်တံတားအနီး Horizon International School (Shukhinthar Campus)၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ် သည်။

ပါဝင်မည်

ပြိုင်ပွဲတွင် ၁၂ နှစ်အောက်၊ ၁၅ နှစ်အောက်၊ ၁၀ နှစ်အောက် အပျော် တမ်းအဆင့်၊ ဒုတိယတန်း၊ (တိုင်းဒေသ ကြီး/ပြည်နယ်)၊ ဝန်ကြီးဌာနအဆင့် ယမန်နှစ်က အပျော်တမ်းအဆင့် ပထမဆုရရှိသော ကစားသမားများ၊ ပထမတန်း(အလွတ်တန်း)၊ မြန်မာပြည် တံခွန်စိုက်ဥက္ကဋ္ဌဖလား၊ ဝန်ကြီးဌာန ပေါင်းစုံနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပြိုင်ပွဲများတွင် (ပထမ၊ ဒုတိယ၊ တတိယ)ရရှိဖူးသော ကစား သမားများ၊ ၄၅ နှစ်အထက်နှင့် အလွတ်တန်းပြိုင်ပွဲများ ပါဝင်မည်ဖြစ် သည်။

စုံစမ်းနိုင်

အဆိုပါ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင် ကြမည့် စားပွဲတင်တင်းနစ်အားကစား သမားများသည် ပြိုင်ပွဲဝင်ခွင့်ပုံစံ (Entry Form) များကို Horizon International School (Po Sein Campus)အမှတ်(၂၅)၊ ဖိုးစိန်လမ်း (သို့) မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (ရန်ကုန်မြို့ ဦးဝိစာရလမ်းရေကူးကန် ဝင်း) (သို့) ကာကွယ်ရေးဝန်ကြီးဌာန စားပွဲတင်တင်းနစ် ဆပ်ကော်မတီတို့ သို့ ပြိုင်ပွဲဝင်ကြေး ၁၀၀၀ ဖြင့် ဇန်နဝါရီ ၂၀ ရက် ညနေ ၅ နာရီ နောက်ဆုံး ထားပြီး အမည်စာရင်းပေးသွင်းရမည် ဖြစ်ပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုပါ က Mr.Nelson @ Myo Linn Naing (PE Instructor) ဖုန်း- -၅၄၃၉၂၆၊ ၅၅၁၇၉၅ နှင့် ၅၅၁၇၉၆ တို့သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရ သည်။

(မြန်မာ့အလင်း)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

(၂၇)ကြိမ်မြောက် ဆီးဂိမ်း အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် BMX စက်ဘီးအားကစားသမား ကိုဇာနည် အောင် (အသက် ၁၈ နှစ်)သည် ပြိုင်ပွဲ အတွက် လေ့ကျင့်စဉ် ယာလက်ဖျံရိုး နှစ်ချောင်းကျိုးခဲ့သည့်အတွက် နိုင်ငံ သား စီးပွားရေးအာမခံ(အများပိုင်) လီမိတက်ကပေးအပ်သည့် အကျိုး ခံစားခွင့် ကျပ်လေးသိန်း(နှစ်ယူနစ်)ကို ဇန်နဝါရီ ၈ ရက်က ရန်ကုန်မြို့ရှိ နိုင်ငံ သားစီးပွားရေးအာမခံ (အများပိုင်) လီမိတက်ရုံးတွင် မန်နေဂျင်းဒါရိုက်တာ ဦးသောင်းဟန်က ပေးအပ်သည်။

ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည် တော်ရှိ မောင့်ပုလဲဆင့်ကွင်းတွင် စက် ဘီးစီးလေ့ကျင့်စဉ် ဟန်ချက်ပျက်၍ လဲကျပြီး ကုန်းစောင်းကို လက်ဖြင့် ထောက်မိ၍ ယာလက်ဖျံရိုးနှစ်ချောင်း ကျိုးခဲ့သည်။ နေပြည်တော် ခုတင်

ဒဏ်ရာရရှိခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲဝင်အားကစားသမား အားကစားအသက်အာမခံငွေရရှိခံစား

(၁၀၀၀)ဆေးရုံတွင် တစ်ပတ်ခန့်ကြာ တက်ရောက်ခွဲစိတ်မှုခံယူခဲ့သည်။ ရရှိ သည့်ဒဏ်ရာကြောင့် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိကြောင်း သိရှိ ရသည်။ ဇန်နဝါရီ ၇ ရက်တွင် နိုင်ငံသားစီးပွားရေးအာမခံ (အများပိုင်) လီမိတက်သို့ ဆက်သွယ်အကြောင်း ကြားခဲ့ရာ နောက်တစ်နေ့ (ဇန်နဝါရီ ၈ ရက်)တွင် အကျိုးခံစားခွင့်ကို ချက်ချင်း ရရှိခံစားရခြင်းဖြစ်သည်။

အားကစားသမား ကိုဇာနည် အောင်သည် အာမခံတစ်ယူနစ်လျှင် ကျပ်ငါးထောင်နှုန်းဖြင့် နှစ်ယူနစ်ထား ရှိရာ လက်တစ်ဖက် လုံးဝကျိုးခြင်း အတွက် ရရှိခံစားခွင့် တစ်ယူနစ်လျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် နှစ်ယူနစ်အတွက် ကျပ်လေးသိန်း ခံစားရရှိခြင်းဖြစ်သည်။

အားကစားသမားတစ်ဦးကို တစ် နှစ်လျှင် အများဆုံး ငါးယူနစ်အာမခံ ထားခွင့်ရှိပြီး ယခုအကျိုးခံစားခွင့်ရရှိသူ ကိုဇာနည်အောင်မှာ ပထမဦးဆုံး ရရှိ သူဖြစ်သည်။ ယခုခံစားခွင့်ရရှိငွေမှာ မိမိအတွက် အထောက်အပံ့ဖြစ် ကြောင်း ပြောကြားပြီး ဇန်နဝါရီ ၈ ရက် ညနေပိုင်းတွင် ၎င်းနေထိုင်ရာ နေပြည် တော် ပျဉ်းမနားမြို့နယ် ဇီးကုန်းကျေး ရွာသို့ ကားဖြင့် ပြန်လည်ထွက်ခွာ သွားပြီဖြစ်သည်။ **အောင်သူရ**

မင်္ဂလာဆည်ခံပွဲ ကျေးဇူးတင်လွှာ

အမေရိကန်နိုင်ငံ၊ California ပြည်နယ်၊ Pleasanton မြို့နေ
ဒေါက်တာထွန်းလှ- ဒေါ်ယုခင်မြင့်တို့၏တစ်ဦးတည်းသောသား

မောင်စည်သူထွန်း(ခ)Zorro

B.Sc Business Administration (Finance),
California Polytechnic State University (San Luis Obispo)
M.Sc Applied Finance, Singapore Management University
Deloitte Consulting

နှင့်

ရန်ကုန်မြို့နေ
ဒေါက်တာမြဟန်(Chairman Fortune International Limited)-ဒေါ်ခင်စပယ်ကြည်တို့၏သမီးကြီး

မမြမာလာဟန်(ခ)Kit Kit

B.Sc Business Administration, Saint Mary's College of California
B.Des Fashion Marketing Management, Raffles College of Design and Commerce
Fortune International Limited

တို့၏ ၁၁-၁-၂၀၁၄ရက်တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပသော မင်္ဂလာဆည်ခံပွဲအခမ်းအနားတွင် မင်္ဂလာ အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော နိုင်ငံတော်ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ မင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီး များနှင့် ၎င်းတို့၏ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဂုဏ်သရေရှိဧည့်သည်တော်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး အဖွဲ့ဝင်များ၊ မေတ္တာဖြင့် မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးလက်ဖွဲ့သီဆို ပေးပါသော ဟေမာနေဝင်း၊ စန္ဒရားသိန်းမြင့်သန်း၊ The Trees တေးဂီတအဖွဲ့နှင့်အဆိုတော်များအား မေတ္တာဖြင့် စီစဉ်ဆောင် ရွက်ပေးပါသော R ဇာနည်နှင့်ဝမ်း၊ အခမ်းအနားတွင် မင်္ဂလာလမ်းအား ရှေ့ဆောင်လမ်းပြအဖြစ်ဆောင်ရွက်ပေးပါသော သားသား မင်းဘုန်းနိုင်နှင့် သမီးငယ်ဇော်သစ်လွင်၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မယ်မဒီမင်းဇေယျာနှင့် အိမ့်မှူးဇော်၊ မင်္ဂလာ အောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော အမရာဆွေတင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော အိန္ဒြေမဒီဆွေတင်၊ သတို့သားအရံများအဖြစ်ကူညီပေးပါသော ကိုပြည့်ဖြိုးတေဇ၊ ကိုထူးထက်တေဇ၊ ကိုစည်သူဖေမြင့်၊ ကိုသန့်သီဟနှင့် သတို့သမီး အရံများအဖြစ် ကူညီပေးပါသော မမြတ်ဆု၊ မအိသဲ၊ မကလျာဇော်၊ မခိုင်သစ်လွင်တို့အားလည်းကောင်း၊ သတို့သမီးမိတ်ကပ်၊ ဆံပင်နှင့် မင်္ဂလာဝတ်စုံအား တီထွင်ဖန်တီးပေးပါသော မိုးကုတ်ပေါက်ပေါက်၊ သတို့သမီးအရံများ၏ မိတ်ကပ်၊ဆံပင်အား ဖန်တီးပေးပါသော မေဦး၊ မေတ္တာဖြင့်လက်ဝတ်ရတနာများဆင်မြန်းပေးပါသော She Shine Gems နှင့် SP Gems၊ ဓာတ်ပုံနှင့် ဗီဒီယိုများရိုက်ကူးပေးပါသော ကိုလင်းထွန်း(Leopard)၊ ကိုကင်း၊ စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Axioo အဖွဲ့၊ ပန်းအလှပြင်ဆင်ပေးပါသော အန်တီနီလာ (Eternal)၊ မင်္ဂလာဆည်ခံပွဲအား အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးပါသော အန်တီမြတ်မြတ်ဦး၊ ဦးချိုကြီး၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီးမှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ Fortune International Ltd. မှ ဝန်ထမ်းများ၊ ကားရပ်နားရာနှင့် ထိုင်ခုံနေရာအခက်အခဲများရှိခဲ့ပါက နှစ်ဖက်သောမိဘများနှင့် သတို့သား၊ သတို့သမီးတို့အား ခွင့်လွှတ်နားလည်ပေးပါရန်နှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စည်သူထွန်း-မမြမာလာဟန်

ရေလမ်းကြောင်းသတိပေးနှိုးဆော်ချက်

ဘုရင့်နောင်တံတား အမှတ်(၂)စီမံကိန်း [illegible] (Temporary Support)လုပ်ငန်းများဆောင်ရွက်ရန် [illegible] တိုင်အမှတ် RP-2 နှင့် RP-3 ကြားအား (၁၆. ၁. ၂၀၁၄)ရက်နေ့မှ စတင်၍ ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး [illegible] ရေလမ်းကြောင်း တိုင်အမှတ် RP-4 နှင့် RP-5 ကြားအား (၁. ၂. ၂၀၁၄)ရက်နေ့မှ စတင်၍ ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်ဖြစ် ပါသည်။

ရေလယ်ခန်းရှိ RP-3 နှင့် RP-4 ကြားအား ရေယာဉ်များသွားလာရန် ဖွင့်ပေးထားမည်ဖြစ်ပြီး ရေလမ်းကြောင်း [illegible] စည်းကမ်းများအား လိုက်နာဆောင်ရွက်ရပါမည်။

(၁) ည (၆၀၀)နာရီမှ နံနက် (၆၀၀)နာရီအတွင်း မည်သည့် ရေယာဉ်မျှဖြတ်သန်းသွားလာခြင်း မပြုရ။

(၂) [illegible] ရေယာဉ်များ [illegible]

(၃) တံတား[illegible] (၁၀၀၀)မီတာနှင့် အောက်ဘက် (၁၀၀၀)မီတာ တို့တွင် (Check Point)များ [illegible] ရေယာဉ်များ [illegible] မပြုရ။

(၄) [illegible] ၁၀၀ ပေ [illegible] ရေယာဉ်များ(Check Point)သို့ [illegible]

(၅) [illegible]

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ အင်တိုင်းသာမြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၃၃၊ ဧရိယာ ၀ ဒသမ ၀၆၃ ဧကရှိ ဒေါ်အေး အေးမူ အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန် မြေကွက်အား သမဝါယမဘဏ်လီမိတက်က ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မြေငှားဂရန်စာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူ များအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက် အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံအဝန်း သစ်တော စွမ်းဖြင့် စိမ်းလန်း စေရမည်။

ကြော်ငြာ

C B BANK

Let's Win-Win Together !

ဖန်းမော်ဘဏ်ခွဲဖွင့်လှစ်ခြင်း

ဘဏ်လုပ်ငန်းကိစ္စအရပ်ရပ်နှင့် ပြည်တွင်းငွေလွှဲလုပ်ငန်းများကို(၁၀ . ၁ . ၂၀၁၄)နေ့မှစ၍ အမှတ် – (သစ/၃၄)၊ ဗိုလ်ချုပ်လမ်း၊ သာစည်ရပ်ကွက်၊ ဖန်းမော်မြို့၊ ကချင်ပြည်နယ် တွင် ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။

Phone : (074) 51 319 , 51 320

Fax : (074) 50 883 , 50 893

Call Center : 1874

E-mail : contact@cbbankmm.com

Website : www.cbbankmm.com

Facebook : https://www.facebook.com/CBBankmyanmar

အမှတ် - (၃၃၄/၃၃၆)၊ ကမ်းနားလမ်းနှင့်(၂၃)လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
Tel: (95-1) 371 848, 372 646, 372 655, 373 425, 373 426 Fax: (95-1) 371 851, 377 027, 389 594, 249 473, 378 067
24/7 Hotline Number: 1874 E-mail: contact@cbbankmm.com Website: www.cbbankmm.com
https://www.facebook.com/CBBankmyanmar

ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့်ဗဟိုသန်းခေါင်စာရင်းကော်မတီတို့၏ ဖွဲ့စည်းပုံသန်းခေါင်စာရင်းကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပုံ အထောက်အကူပြုအဖွဲ့များနှင့် ပြည်သူတို့၏အခန်းကဏ္ဍ

ဦးဝင်းမြင့် - ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ၂၀၁၄ ခုနှစ်တွင်ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့်ဗဟိုသန်းခေါင်စာရင်းကော်မတီကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၅၉/၂၀၁၁ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနကလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ကလည်းကောင်း အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့်ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ်တို့ကလည်းကောင်း၊ အတွင်းရေးမှူးအဖြစ်ဒုတိယဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့ပါဝင်ပြီး စုစုပေါင်းအဖွဲ့ဝင် ၁၈ ဦးဖြစ်ပါသည်။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၊ လုပ်ငန်းစဉ်အဆင့်ဆင့်အား ကြီးကြပ်လမ်းညွှန်မှုပြုရန်နှင့် နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်အတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်တွင် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းကို နာယကအဖြစ် ၂၀၁၂ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၂) ဖြင့် ဖြည့်စွက်ဖွဲ့စည်းပေးခဲ့ပါသည်။

ထို့အပြင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ(မြို့တော်ဝန်)အား အဖွဲ့ဝင်အဖြစ် ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၂) ဖြင့် ဖြည့်စွက်ဖွဲ့စည်းပေးခဲ့သဖြင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်တွင် စုစုပေါင်းအဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းထားရှိပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့်လုပ်ပိုင်ခွင့်များကို အောက်ပါအတိုင်းသတ်မှတ်ထားပါသည်။

လုပ်ငန်းတာဝန်များ

(၁) ဗဟိုသန်းခေါင်စာရင်းကော်မရှင်သည် သန်းခေါင်စာရင်းလုပ်ငန်းတစ်ရပ်လုံး (ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ခြင်း၊ စာရင်းပြုစုခြင်း၊ စာရင်းထုတ်ပြန်ခြင်း)ကို ပြည်ထောင်စုအစိုးရ၏ မူဝါဒလိုအပ်ချက်နှင့်အညီ ပြီးမြောက်အောင်မြင်စေရန် ဦးဆောင်မှုပေးခြင်း၊

(၂) သန်းခေါင်စာရင်းအတွက် တာဝန်ရှိသည့်အဖွဲ့အစည်းမှ တင်ပြသည့် အသေးစိတ်အစီအစဉ်နှင့် ညွှန်ကြားချက်များကို လုပ်ဆောင်ရန်အတွက် အတည်ပြုပေးခြင်း၊

(၃) သက်ဆိုင်ရာ အခြားဝန်ကြီးဌာနများနှင့် လိုအပ်သည့်ကိစ္စများတွင် ညှိနှိုင်းပေးခြင်း၊

(၄) သန်းခေါင်စာရင်းကော်မတီများကို တာဝန်ပေးခြင်း၊ ညွှန်ကြားပေးခြင်း၊

(၅) သန်းခေါင်စာရင်းလုပ်ငန်းအောင်မြင်ရန်အတွက် လိုအပ်သည့် ဖြည့်စွက်ပြင်ဆင်မှုများ ပြုလုပ်ပေးခြင်း၊

လုပ်ပိုင်ခွင့်များ

(၁) သန်းခေါင်စာရင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ရေးဆွဲ/ပြင်ဆင်ပြဋ္ဌာန်း ဆောင်ရွက်နိုင်သည်။

(၂) လိုအပ်သော ပညာပေးစည်းရုံးမှုများ၊ လှုပ်ရှားမှုများ ဆောင်ရွက်နိုင်သည်။

(၃) ကော်မရှင်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(၄) ကော်မရှင်သည် လုပ်ငန်းကော်မတီများနှင့်တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကြီးကြပ်ကွပ်ကဲမှုကော်မတီများကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ သို့မဟုတ် ပုဂ္ဂိုလ်များအား တာဝန်ပေးအပ်နိုင်သည်။

(၅) လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရနှင့်အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ လိုအပ်သောနည်းပညာနှင့် အခြားကူညီထောက်ပံ့မှုများကိုရယူ၍ စီမံခန့်ခွဲအသုံးပြုနိုင်သည်။

ဗဟိုသန်းခေါင်စာရင်းကော်မတီတွင် ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စစ်ဦးစီးဗိုလ်မှူးကြီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ တာဝန်ဌာနခွဲ ကာကွယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လေကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ အမှတ် (၃)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနတို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်ပြီး စုစုပေါင်းအဖွဲ့ဝင် ၂၄ ဦးဖြစ်ပါသည်။

ထို့ပြင် ဗဟိုသန်းခေါင်စာရင်းကော်မတီတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိ ဗဟိုစာရင်းအင်းအဖွဲ့ညွှန်ကြားရေးမှူးချုပ်အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းခဲ့သဖြင့် စုစုပေါင်းအဖွဲ့ဝင် ၂၅ ဦးပါဝင်ပါသည်။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းလုပ်ငန်းကြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်ပေးမည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီတို့ကို ဖွဲ့စည်းပြီးသည့်နောက်တွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သန်းခေါင်စာရင်းကောက်ယူခြင်းကို အနီးကပ်ကြီးကြပ်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ၊ နေပြည်တော်ကောင်စီနယ်မြေသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ်သန်းခေါင်စာရင်းကော်မတီ၊ ခရိုင်သန်းခေါင်စာရင်းကော်မတီ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ၊ ရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့်အထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းထားပါသည်။

တိုင်းဒေသကြီး/ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီတွင် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်က ဥက္ကဋ္ဌဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများအားလုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က အဖွဲ့ဝင်များ ဖြစ်ကြပါသည်။ အတွင်းရေးမှူးမှာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်

အမှတ် (၃) ဆေးဝါးစက်ရုံ (စစ်ကိုင်း)၊ အသုံးမလို ပိုလျှံပစ္စည်း (၆၅)မျိုး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ **ရောင်းချမည့်ပစ္စည်းအမည်**-ကုန်ကြမ်း/ထုပ်ပိုးပစ္စည်း(၆၅)မျိုး
၂။ **တင်ဒါပိတ်ရက်** - ၇-၂-၂၀၁၄ ရက်၊ ၁၆း၀၀နာရီ
၃။ **စုံစမ်းရန်** -အသေးစိတ်အချက်အလက်များကို သိလိုပါက ဆက်သွယ်ရန် ဖုန်း- ၀၆၇-၄၀၈၀၆၈၊၀၆၇-၄၀၈၃၅၉

Turpentine Oil အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်** - Turpentine Oil
၂။ **ဝယ်ယူမည့်အရေအတွက်** - ၁၁၀၀၀ ကီလို
၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၆-၁-၂၀၁၄ ရက် ညနေ ၄း၀၀ နာရီ
၄။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

	တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်)	၀၆၇-၄၀၈၀၇၆
ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန	၀၆၇-၄၀၈၃၅၄
နေပြည်တော်	

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်မည့် ကျောင်းသား ကျောင်းသူ Foot Court အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပြည်တွင်း စီးပွားရေးလုပ်ငန်းရှင်များထံမှ တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်။

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား တစ်စုံလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ၁၅-၁-၂၀၁၄ ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

တင်ဒါပုံစံပိတ်ရက်နှင့်အချိန် - ၁၄-၂-၂၀၁၄ ရက်၊ ညနေ ၄ နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ဆက်သွယ်ရန် ဖုန်း-၀၉-၄၉၂၀၁၀၅၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ၂၃၀ ကေဗွီဓာတ်အားလိုင်းများ ကြိုးဆွဲခြင်းလုပ်ငန်းလုပ်ကိုင်ရန် (၁၀)တန်ကရိန်းသုံးစီးကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ငှားရမ်းလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၆-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(မအူပင်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)တွင် အောက်ပါလုပ်ငန်းများဆောင်ရွက်လိုပါသည်-
(က) (၄၀၀)ဗို့လိုင်းတိုင်(၃၀)တိုင်အား စံချိန်စံညွှန်းနှင့်အညီ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း
(ခ) (၁၁/.၄)ကေဗွီအေ ထရန်စဖော်မာ စနစ်တကျစံချိန်စံညွှန်းမီ ပြုပြင်ခြင်း၊ HT, LT Protection များ တပ်ဆင်ခြင်း၊ မီးစက် LT Protection တပ်ဆင်ခြင်းလုပ်ငန်း
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်းကွန်ပျူတာတက္ကသိုလ်(မအူပင်)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၁-၁-၂၀၁၄ ရက် ၁၄း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(မအူပင်)ဖုန်း-၀၄၅-၃၀၁၁၅၊၃၀၃၆၄တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)
ဖုန်း-၀၄၅-၃၀၁၁၅၊ ၀၄၅-၃၀၃၆၄

အိမ်မဲမြို့နယ်အသင်း (ရန်ကုန်)

အိမ်မဲမြို့နယ်အသင်းသည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)ညနေ ၄ နာရီတွင် အိမ်မဲမြို့နယ်အသင်း အသင်းတိုက်တည်ရာ အိမ်မဲကျောင်း၌ပဓာနနာယကဆရာတော် ဦးဇာနေယျအား ဦးထိပ်ထား၍ ထမနဲထိုးလှူဒါန်းပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ ထမနဲထိုးလှူဒါန်းပွဲတွင် အသင်းဝင်များ၏ အသက်(၈၀)ပြည့် မိဘများအား ကန်တော့မည်ဖြစ်ပါသည်။ ထို့အပြင် အသင်းဝင်များ၏သားသမီးများထဲမှ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသူများနှင့် တက္ကသိုလ်သို့ရောက်ရှိ ပညာသင်ကြားနေသော သားသမီးများအား ပညာသင်ထောက်ပံ့ကြေးချီးမြှင့်မည်ဖြစ်ပါသည်။

သို့ပါ၍ ကန်တော့ခံမည့် သက်ကြီးမိဘအမည်များ၊ ဂုဏ်ထူးရရှိသော သားသမီးများ၏ အမည်၊ အမှတ်စာရင်းများ၊ တက္ကသိုလ်ကျောင်းသား၏အမည်၊ တက္ကသိုလ်အမည်၊ ဘာသာရပ်၊ ပညာသင်နှစ် စသည်တို့ကို ပြည့်စုံစွာဖော်ပြ၍ ဥက္ကဋ္ဌ၊ အိမ်မဲမြို့နယ်အသင်း၊ အိမ်မဲကျောင်း၊ (၆)ဝိုင်း၊ မြို့ဦးကျောင်းတိုက်၊ သံသုမာလမ်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့သို့ ယခုလ ဇန်နဝါရီ ၃၁ ရက်နောက်ဆုံးထားပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဤကိစ္စအတွက် ဆက်သွယ်လှူဒါန်းလိုသူများသည် အောက်ပါတယ်လီဖုန်းများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဖုန်း-၀၉-၅၀၁၄၉၄၃၊ ၀၁-၉၆၈၈၇၉၇
၀၉-၅၀၂၈၇၆၇၊ ၀၁-၆၈၁၀၄၃၊ ၀၉-၅၀၂၀၅၉၁

နယ်သတင်းနှင့်ဆောင်းပါး

ဆေးယဉ်ပါးတီဘီရောဂါအကြောင်း အသိပေးဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးကြီးမှူး၏ ဆေးယဉ်ပါးတီဘီရောဂါအကြောင်း အသိပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ ဆောင်၌ကျင်းပရာ မြို့နယ်အတွင်းရှိ ရပ်ကွက် (၂၀)မှ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းဝင်များတက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး ဌာနမှ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်တင်မိမိခိုင် တက်ရောက်အသိပေးဆွေးနွေးသွားသည်။ **(အောက်ပုံ)**

တီဘီရောဂါတိုက်ဖျက်ရေးဌာန ဆရာဝန်ကြီး ဒေါက်တာဒေါ်တင်မိမိခိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးယဉ်ပါးတီဘီရောဂါအဖြစ်များနေကြောင်း၊ လူနေသိပ်သည်း ထူထပ်၍ ဖြစ်ပွားနှုန်း များပြားလာခြင်းဖြစ်ကြောင်း၊ လေမှတစ်ဆင့် ပြန့်ပွားကူးစက်ခြင်းဖြစ်၍ အကာအကွယ်မပြုဘဲ ချောင်းဆိုးခြင်းကို အထူးသတိထားဖို့လိုအပ်ကြောင်း၊ ရက်သတ္တနှစ်ပတ်ကျော် ချောင်းဆိုးလာလျှင် သလိပ်စစ်ဖို့လိုကြောင်း၊ ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောအနောက်ဘက်တွင် တီဘီရောဂါတိုက်ဖျက်ရေးဌာနရှိရာ ခေတ်မီစက်များဖြင့် အခမဲ့သလိပ် စစ်ဆေးပေးလျက်ရှိကြောင်း၊ ယခင်ကလို အချိန်ကြာမြင့်စွာ စောင့်ဆိုင်းစရာမလိုဘဲ နာရီပိုင်းအတွင်း အဖြေသိနိုင်ပြီဖြစ်ကြောင်း၊ လိုအပ်သောဆေးဝါးများ ရရှိနေပြီဖြစ်၍ ဝေဒနာရှင်များ လာရောက်ကုသနိုင်ပါကြောင်း၊ တီဘီရောဂါကို ဆေးမီးတိုဖြင့် ကုသ၍ မရကြောင်း၊သာမန်တီဘီရောဂါထက် ဆေးယဉ်ပါးတီဘီရောဂါက ပိုမို၍ ဂရုစိုက်ကုသပေးရမှာဖြစ်ကြောင်း၊ ဆေးယဉ်ပါးတီဘီရောဂါဖြစ်သူမှ တစ်ဆင့် ထပ်မံမကူးစက်အောင် ကာကွယ်ရေးအစီအမံများ လုပ်ဆောင်ပေးပြီး ကျန်းမာရေးအထောက်အကူပြုမည့် အာဟာရများဖြစ်ရန် စားသောက်ဖို့လိုအပ်ကြောင်း၊ ယခုတက်ရောက်လာသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာအဖွဲ့အစည်းများ လူမှုရေးအဖွဲ့အစည်းများအနေဖြင့် လူစုံတက်စုံပါဝင်ကာ ဆေးယဉ်ပါး တီဘီရောဂါတိုက်ဖျက်ရေးကို ပါဝင်ကူညီကြစေလိုကြောင်း အသိပေးဆွေးနွေးသွားသည်။

တက်ရောက်လာသူ၏ ဆွေးနွေးမေးမြန်းမှုများအပေါ် ဆေးယဉ်ပါးတီဘီရောဂါဖြစ်သည့် လက္ခဏာမည်သို့မည်ပုံကူးစက်ပုံ၊ မကူးစက်နိုင်ရန် ကာကွယ်ပုံနည်းလမ်းများ၊ ဆေးကုသရပုံတို့ကို အသေးစိတ်ပြန်လည်ရှင်းပြ ဆွေးနွေးသွားသည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဥမ္မာမြင့်က မြို့နယ်ဆေးခန်းတွင် တီဘီရောဂါအတွက် စစ်ဆေးပေးခြင်း၊ ကုသပေးခြင်း၊ အခမဲ့ဆေးဝါးပေးခြင်းဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးနေပါ၍ တီဘီရောဂါသံသယရှိသူများ၊ ရောဂါဖြစ်ပွားနေသူများကို ဆေးကုသရန် စည်းရုံးလှုံ့ဆော်ပေးခြင်းဖြင့် မြန်မာနိုင်ငံတီဘီရောဂါတိုက်ဖျက်ရေးစီမံချက်ကို ဝိုင်းဝန်းပံ့ပိုးကူညီကြစေလိုကြောင်း ဆွေးနွေးပြောကြားသွား သည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇန်နဝါရီ ၁၂

တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင် ဇန်နဝါရီ ၈ ရက်က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးအတွက် ဆောင်ရွက်ရမည့်တာဝန်များကို ဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၌ ဦးစီးမှူးဦးမောင်ဖြူက မြို့နယ်အတွင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများကို အသေးစိတ်ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းကြပြီး လုပ်ငန်းကော်မတီဝင်များက ပြန်လည်ဖြေကြားကြောင်း သိရှိရသည်။ **လှလှ**

အခြေခံရေးဦးသူနာပြုစုခြင်း သင်တန်းနှင့် ဘင်ခရာသင်တန်းဆင်း

မိုးကုတ် ဇန်နဝါရီ ၁၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်းနှင့် မိုးကုတ် အထက(၁)ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ ကြီးမှူးဖွင့်လှစ်သော မိုးကုတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ အခြေခံရှေးဦးသူနာပြုစုခြင်းသင်တန်းနှင့် ဘင်ခရာ သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။ အခမ်းအနားတွင် မိုးကုတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး ဘင်ခရာတပ်ဖွဲ့ကို စစ်ဆေးသည်။ ထို့နောက် ဘင်ခရာနည်းပြအဖွဲ့က ဘင်ခရာတပ်ဖွဲ့ကို အထက(၁) ကျောင်းအုပ်ကြီး ဦးအေးမြင့်ထံ အပ်နှံခဲ့ပြီး ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက အခြေခံရှေးဦးသူနာပြုစုခြင်းသင်တန်းနှင့် ဘင်ခရာ သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။ **နေဝါ(မိုးကုတ်)**

ဗန်းမောက်မြို့နယ် တောင်ပိုင်း စီးစော်ဘုရားအနီး ရွှေတူးဖော်သည့်မြေစာများ ဝန်းရံနေ

ဗန်းမောက် ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် အတွင်းရှိသော နန်းမလုတ်ကျေးရွာသည် စီးစော်ဘုရားအနီးတွင်တည်ရှိသော ကျေးရွာဖြစ်သည်။ အဆိုပါ ဘုရားသည် အခြားစေတီပုထိုးဘုရားများနှင့်မတူဘဲ လယ်ကွင်းပြင်ထဲတွင် ထူးထူးခြားခြားဒေသခံများက တည်ထားကိုးကွယ်ထားသော စေတီဘုရားတစ်ဆူဖြစ်သည်။ ယခင်နှစ်ကာလများက စီးစော်ဘုရားပွဲများကို စည်ကားသိုက်မြိုက်စွာပင် ဒေသခံတို့က ကျင်းပပူဇော်ခဲ့ကြသည်။

သို့သော်လည်း ခေတ်စနစ်များ ပြောင်းလဲကာ နှစ်များကြာလာသည်နှင့်အမျှ ယခုအခါတွင် ယင်းစီးစော်ဘုရားအနီးတွင်ရှိသည့် ဒေသခံပြည်သူများသည် ဘုရားပွဲများကျင်းပခြင်းမရှိတော့ဘဲ ဘုရားအနီးဝန်းကျင်ရှိ လယ်ယာမြေကွက်များကို ရွှေမြေတူးဖော်ခြင်းလုပ်ငန်းများကိုသာ ဦးစားပေး လုပ်ဆောင်နေကြသည့်အတွက်ကြောင့် စီးစော်ဘုရားကြီးအနီးဝန်းကျင်တွင် ရွှေတူးဖော်သည့် မြေစာပုံများ ဝန်းရံလျက်ရှိနေကြောင်း သိရသည်။

ပြောကြား

"ဘုရားအနီးမှာက ရွှေတူးတာတွေ ပြည့်ကျပ်နေပြီဖြစ်တယ်။ ရွှေတူးဖော်တဲ့သူတွေကလည်း ရိုးရိုးလက်နဲ့တူးဖော်ရုံမကတော့ဘူး။ သံဒိုင်တွေ၊ သံတူရွင်းတွေ၊ မြေကြီးတွေကို တူးဆွပြီးတော့ လေးကောင်အင်ဂျင်စက်တွေနဲ့ တူးဖော်နေတာရှိသလို ခြောက်ကောင်အင်ဂျင်စက်တွေနဲ့လည်း တူးနေတာတွေရှိတယ်။ ဘုရားပွဲလုပ်ဖို့ဆိုတာကတော့ နည်းနည်းအလှမ်းဝေးသွားပြီ။ ဘာကြောင့်လဲဆိုတော့ ဘုရားအနီးက လယ်ယာမြေကွက်ထဲမှာ ရွှေထွက်နေပြီဆိုတော့ပြောလို့မဖြစ်တော့ဘူး။ လယ်ကွက်ပျက်တာ မပျက်တာအပထား၊ သူတို့အတွက် ရွှေရဖို့ကအရေးကြီးနေတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ရွှေမှော်အတွင်း ဈေးလာရောင်းသည့် ဈေးသည်တစ်ဦးက ပြောကြားခဲ့သည်။

ဗန်းမောက်မြို့နယ် နန့်မလုတ်ရွာအနီးတွင်ရှိသော စီးစော်ဘုရားအနီးဝန်းကျင်၌ရှိသည့် လယ်ယာမြေကွက်များအတွင်းတွင် ရွှေတူးဖော်သူများသည် ယခုအခါ နေ့စဉ်ရက်ဆက်ဆိုသလို လုပ်ကိုင်လာသည့်အတွက်ကြောင့် ယခင်နှစ်များက ဘုရားပွဲများပြုလုပ်ခြင်းကို မကြာခဏ ကျင်းပပူဇော်ခဲ့ခြင်းရှိသော်လည်း ယခုအခါတွင် ဘုရားပွဲကျင်းပဖို့အရေးထက် ရွှေတူးဖော်ဖို့အရေးက ပိုလို့အရေးကြီးနေသလို ဖြစ်နေကြကြောင်း သိရသည်။

(လ/၀၀၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက် (၉/၂၀၁၃)
နေပြည်တော်၊ ၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်
(၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၄ခုနှစ် ဧပြီ၊ မေ၊ ဇွန်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်လုပ်ကွက်များနှင့် **တနိုင်းဒေသနှင့် ခန္တီးဒေသတို့ရှိ ပယင်းဖော်ထုတ်လုပ်ကွက်များ**ကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ **လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။**

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၃ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၃ရက်မှ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၂ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာ တင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း(Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

အမည်ပြောင်း

အထက မြန်အောင်၊ န၀မတန်း (A) မှ မအိအိအောင် ၁၄/မအန(နိုင်)၂၂၄၃၄၆ အား မအေးချမ်းနဒီလွင်ဟု ပြောင်းလဲခေါ်ပါရန်။

မအေးချမ်းနဒီလွင်

ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာနက ရောင်းချလျက်ရှိသည့် ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းများအား လွယ်ကူလျင်မြန်စွာ ဝယ်ယူနိုင်ရန်အတွက် တိုးချဲ့ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း
ကြေညာချက်ထုတ်ပြန်ခြင်း

၁။ တရားဝင်စာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် အသုံးပြုသည့် အခွန်တံဆိပ်ခေါင်းများနှင့် တရားစီရင်မှုအပိုင်း၌ အသုံးပြုရန်လိုအပ်သော ရုံးခွန်တံဆိပ်ခေါင်းတို့ကို တံဆိပ်ခေါင်းတန်ဖိုးအလိုက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့်အပြင် ရန်ကုန်မြို့၊ အမှတ်က(၁၇)၊ ၃၆လမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်နှင့် ရုံးအမှတ်(၄၆)၊ နေပြည်တော်တို့တွင် ဗဟိုတံဆိပ်ခေါင်း အရောင်းကောင်တာ(၂)ခုဖြင့် ဖွင့်လှစ်ရောင်းချပေးလျက်ရှိပါသည်။

၂။ ထိုသို့ရောင်းချရာတွင် အမှန်တကယ်လိုအပ်လျက်ရှိသော မိဘပြည်သူများ ယခင်ကထက် ပိုမိုလွယ်ကူလျင်မြန်စွာဝယ်ယူရရှိနိုင်ရန်အတွက် လက်ရှိရောင်းချနေသော မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ရန်ကုန်နှင့် နေပြည်တော် ဗဟိုတံဆိပ်ခေါင်းအရောင်းကောင်တာများအပြင် နိုင်ငံတစ်ဝန်းလုံးရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် အောက်ဖော်ပြပါ အခွန်တံဆိပ်ခေါင်းနှင့် ရုံးခွန်တံဆိပ်ခေါင်းများကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂ရက်မှစတင်၍ တန်ဖိုးကျပ် ၁၀၀၀ နှင့် ကျပ် ၁၀၀၀ အောက်ရှိ အခွန်တံဆိပ်ခေါင်း၊ ရုံးခွန်တံဆိပ်ခေါင်းများကို ရုံးချိန်အတွင်း ထပ်မံတိုးချဲ့ရောင်းချပေးလျက်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်-

အခွန်နှိပ်	(၈)မျိုး	၁၀ိ/-၂၀ိ/-၂၅ိ/-၃၀ိ/-၄၀ိ/-၅၀ိ/-၆၀ိ/-၁၀၀ိ/-
အခွန်ကပ်	(၁)မျိုး	၅ိ/-
ရုံးခွန်နှိပ်	(၇)မျိုး	၁၀ိ/၁၅ိ/-၂၀ိ/-၂၅ိ/-၃၀ိ/-၅၀ိ/-၁၀၀ိ/-
ရုံးခွန်ကပ်	(၉)မျိုး	၁၀ိ/-၁၅ိ/-၂၀ိ/-၃၀ိ/-၄၀ိ/-၅၀ိ/-၆၀ိ/-၈၀ိ/-၁၀၀ိ/-
အထူးကပ်	(၆)မျိုး	၁၀ိ/-၂၀ိ/-၃၀ိ/-၅၀ိ/-၆၀ိ/-၁၀၀ိ/-

ပြည်တွင်းအခွန်များဦးစီးဌာန

စာပေဟောပြောပွဲများ၊ ပြပွဲများကျင်းပ

တောင်ကြီး ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်တောင်ကြီးမြို့တွင် စာပေဟောပြောပွဲများ၊ ပြပွဲများနှင့်ကင်းကွာနေရာမှ ဇန်နဝါရီလအတွင်း စာပေဟောပြောပွဲနှစ်ကြိမ်ပြုလုပ်ခဲ့ကြောင်း သိရသည်။ တောင်ကြီးမြို့နယ်စာရေးဆရာအသင်းမှ ကြီးမှူးပြီး ကျင်းပသည့် ဈေးရောင်းပွဲတော်နှင့် လှယဉ်ကျေးမယ်ရွေးပွဲတွင် မြို့ခံစာရေးဆရာများဖြစ်သည့် သျှီ(အင်ကြင်း)၊ ဆရာချစ်၊ ခင်(တောင်ကြီး)၊ စိုးစိုးထွန်း(ပြန်ဆက်၊ တောင်ကြီးခရိုင်)တို့မှ ဇန်နဝါရီ ၂ ရက်နှင့် ၅ ရက်များတွင် ကျောက်တိုင်ကွင်း၌ လည်းကောင်း၊ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် သစ္စာပြတင်းအနုပညာပြပွဲ (၂၀၁၄)အား ပန်းချီ၊ ကာတွန်း၊ ကဗျာ၊ ဓာတ်ပုံ၊ အင်စတော်လေးရှင်း၊ ဗီဒီယိုအတ်များဖြင့် ဇန်နဝါရီ ၄ ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသခဲ့ပြီး စိန်ဂျိုးဇက်အောက်မေ့ဘွယ်ခန်းမ၌ ဆရာဦးဘုန်း(ဓာတု)၊ ဆရာမ ရွှေကူ မေနှင်းတို့မှ ၄င်းစာပေဟောပြောပွဲများ ကျင်းပခဲ့ကြသည်။ ၄င်းအပြင် ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အထိ တောင်ကြီးနယ်ခံ ဓာတ်ပုံပညာရှင်တစ်ဦးဖြစ်သည့် ကျော်ကျော်ဝင်း(စွယ်တော်ရိပ်)က ၄င်းကိုယ်တိုင် ရိုက်ကူးထားသည့် ရှမ်းပြည်နယ်တောင်ပိုင်းရှုခင်းအလှ သဘာဝနှင့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအလှအပ အနေအထားများကို (၂×၃)ပေ ပန်ချီကား ၃၀၊ (၁၂×၁၈)လက်မ ပန်ချီကား ၆၀ဖြင့် စိန်ဂျိုးဇက်ဘုရားကျောင်းတွင် ပြသသွားမည်ဖြစ်ပါ၍ တောင်ကြီးမြို့သို့ ရောက်ရှိလာပါက ဝင်ရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်း သိရသည်။

နိုင်ထွန်း(TGI)

မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၁၂

မန္တလေးမြို့ မဟာမုနိဘုရားကြီး၏ သာသနိကအဆောက်အအုံများ၊ ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်ပစ္စည်းများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် မီးဘေးလုံခြုံရေးစီမံချက်အရ မီးစစ်ဆေးခြင်း၊ အကြံပြုဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက ဘုရားကြီးပရိဝုဏ်အတွင်း မီးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မီးစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးလှမင်း၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးဇုန် အရန်မီးသတ်ကြီးကြပ်ရေးကော်မတီဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မဟာမုနိဘုရားကြီး ဂေါပကရုံးအဖွဲ့များနှင့် ဝန်ထမ်းများက ဘုရားကြီးတွင် သာသနိကအဆောက်အအုံများ၊ ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်ပစ္စည်းများထားရာ အဆောက်အအုံများ၊ ဘုရားကြီးစောင်းတန်းလေးသွယ်မှ ဈေးဆိုင်ခန်းများရှိ လျှပ်စစ်မီးကြိုးသွယ်တန်းမှုအခြေအနေ၊ မီးသုံးစွဲမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ဝင်ပေါက်ထွက်ပေါက်များ၊ မီးငြိမ်းသတ်ရေးအတွက် ရေငုပ်များ၊ မီးသတ်ဆေးဘူးများ ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ မဟာမုနိဘုရားကြီး မီးဘေးလုံခြုံရေးအတွက် လိုအပ်ချက်များ၊ ဝေဖန်အကြံပြုချက်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်သီဟ

အခွန်သယ်ပိုး တို့ပြည်အကျိုး
ဖွံ့ဖြိုးခေတ်မီ တို့မြန်ပြည်

ပြောင်းနှံခြွေစက်များကြောင့် ဒေသခံတောင်သူများအဆင်ပြေ

မလှိုင် ဇန်နဝါရီ ၁၂

မလှိုင်မြို့နယ်တွင် နယ်လှည့်ဝန်ဆောင်မှုပေးနေသော ပြောင်းနှံခြွေစက်များကြောင့် ဒေသခံတောင်သူများ အလုပ်သမားရှားပါးနေချိန်တွင် လုပ်ငန်းခွင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကျေးရွာများတွင် ငွေကြေး တတ်နိုင်သူများက ပြောင်းနှံခြွေစက်များ၊ ပြောင်းရိုးစဉ်းစက်များ၊ လယ်ထွန်စက်များဝယ်ယူ၍ အခကြေးငွေယူပြီး လိုအပ်ချိန်မှာဝန်ဆောင်မှုပေးလုပ်ကိုင်လျက်ရှိကြသည်။ ၎င်းတို့အနက် ယခုအချိန်အခါသည် ပြောင်းရိတ်သိမ်းချိန်၊ ပြောင်းနှံများခြွေလှေ့ချိန်ဖြစ်၍ ပြောင်းနှံခြွေစက်အငှားလိုက်သူများ ဝင်ငွေကောင်းရရှိနေပြီး ဒေသခံတောင်သူများမှာလည်း အလုပ်သမားရှားပါးနေချိန်တွင် လုပ်ငန်းခွင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီစက်တွေပေါ်လာတာကျွန်တော်တို့လို တောင်သူတွေ အတွက်တော့ အတော်လေးကိုအဆင်ပြေပါတယ်၊ စက်က အိမ်တိုင်ရာရောက်လာခြွေပေးတယ်၊ တစ်နာရီကို ငွေကျပ် ၃၀၀၀ ပေးရတယ်၊ ပြောင်းဆန်တစ်တင်းရဖို့ ၁၅ မိနစ်လောက်ပဲကြာတာဆိုတော့ လူလုပ်အားအများကြီးသက်သာသွားတာပေါ့၊ ရွာမှာ အလုပ်သမားရှားပါးနေချိန်မှာ ဒီစက်တွေပေါ်လာလို့ လုပ်ငန်းခွင်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲများကို ဖြေရှင်းပေးနိုင်ပြီး တောင်သူတွေအတွက် အဆင်ပြေနေပါတယ်"ဟု ပန်းအိုင်ကျေးရွာက တောင်သူ ဦးငွေစန်းက ပြောပြသည်။

အောင်ဌေး(မလှိုင်)

ရေနစ်သူအားဆင်း၍ဆယ်ယူစဉ် ကယ်ဆယ်သူရေနစ်သေဆုံး

ရန်ကုန် ဇန်နဝါရီ ၁၂

ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်း ၁ နာရီခွဲအချိန်က မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီနယ်မြေရဲစခန်းမှူးနှင့်အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သဇင်လမ်းနှင့်ပတ္တမြားလမ်းထောင့်ရှိ အကျယ်ပေ ၂၀၀ ပတ်လည်၊ အနက်ခုနစ်ပေခန့်ရှိသော ရေကန်အတွင်း၌ လူတစ်ဦး ရေနစ်သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မင်္ဂလာဒုံမြို့နယ်နေသူ ဦးဌေးအောင်ဖြစ်ပြီး ပြင်ပဒဏ်ရာတစ်စုံတစ်ရာမတွေ့ရဘဲ ရေနစ်သည့် လက္ခဏာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းရာ သေဆုံးသူဦးဌေးအောင်၏သား မောင်ရဲဝင်းအောင်နှင့် မောင်သက်နိုင်ဦးတို့ နှစ်ဦးမှာ ရေနစ်နေသဖြင့် သေဆုံးသူက ရေမကူးတတ်ဘဲဆင်း၍ ဆယ်ယူရာမှ ရေနစ်မြုပ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ မောင်သက်နိုင်ဦးအား အနီးပတ်ဝန်းကျင်ရှိလူများမှ ဆယ်ယူနိုင်ခဲ့သဖြင့် သေဆုံးခဲ့ခြင်းမရှိကြောင်း သိရှိရသည်။ အဆိုပါ ရေနစ်သေဆုံးမှုအား ဝေဘာဂီနယ် မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၁/၂၀၁၄) ဖြင့်ရေးဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မှော်ဘီ၌ တရားမဝင် ကျွန်းဆက်တီနှင့် တံခါးရွက်အပိုင်းအစများဖမ်းမိ

မှော်ဘီ ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်မှ သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လက်ပံတန်းကျေးရွာအုပ်စု ရာအိမ်မှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် ည ၁၂ နာရီခွဲက လက်ပံတန်းစုကျေးရွာအုပ်စု သပြေကုန်းကျေးရွာအနီး ဦးကြည်ဝင်း ရော်ဘာခြံမှ တရားမဝင်ကျွန်းဆက်တီအပိုင်းအစ ၆၃၁ချောင်း ၀ ဒသမ ၄၃၉၆ တန် တင်ဆောင်ထားသော ယာဉ်အမှတ် ထ/--ဟိုင်းလတ်နှင့် ယာဉ်အမှတ် BB နီဆန်းတို့ကို ဖမ်းမိ၍ ယာဉ်မောင်းများ၊ ယာဉ်ပိုင်ရှင်များနှင့်တရားမဝင် ကျွန်းဆက်တီအပိုင်းအစပိုင်ရှင်တို့အား စုံစမ်းဖော်ထုတ်ခဲ့သည်။ ယင်းနေ့ နံနက် ၄ နာရီက ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင် (၂၈/၃)တွင် တရားမဝင် ကျွန်းခွဲသား အချောင်း ၁၂၀ ၂ ဒသမ ၁၀၅၈ တန် ယာဉ်အမှတ် ၉ခ/ဟီးနိုး အဖြူရောင်ကားနှင့်အတူ ဖမ်းမိ၍ ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါသူများအား စုံစမ်းဖော်ထုတ်ပြီး အရေးယူခဲ့သည်။

ထို့အပြင် ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီခွဲက ပြည်ကားလမ်း မိုင်တိုင် (၂၅/၄) ရဲဘော်ဈေးမှတ်တိုင်အနီး တရားမဝင်ကျွန်းတံခါးအပိုင်းအစ ၂၇၁ ချောင်း ၀ ဒသမ ၃၁၅၈ တန်ကို ယာဉ်အမှတ် ၉ခ/ (မီဆူဘီရှိ ပါဂျဲရိုး)နှင့်အတူ ဖမ်းမိ၍ ယာဉ်မောင်းနှင့်တရားမဝင်ကျွန်းတံခါးရွက်အပိုင်းအစ ပိုင်ရှင်အား စုံစမ်းဖော်ထုတ်ပြီး သစ်တောဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။

သစ်တောရေးရာ

ဆိုင်ကယ်ကယ်ရီမှ လမ်းဘေးအုတ်တိုင်အား တိုက်မိစဉ် ခရီးသည်ပြုတ်ကျသေဆုံး

တွံတေး ဇန်နဝါရီ ၁၂

ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက တွံတေးမြို့နယ် လှိုင်သာယာ-တွံတေးကားလမ်းအတိုင်း လှိုင်သာယာဘက်မှ တွံတေးဘက်သို့ ဆိုင်ကယ်ကယ်ရီမောင်း လှမိုး တွံတေးမြို့နေသူမောင်းနှင်ပြီး နောက်တွင် တွံတေးမြို့နယ်နေသူများဖြစ်ကြသည့် မောင်ထွန်းထွန်းလင်းနှင့်မထွေးထွေးလွင်တို့ စီးနင်းလိုက်ပါလာသော လော်ဂျား-110 ဆိုင်ကယ်သည် တွံတေးတံတားအတက်၌ ဆိုင်ကယ်ရှေ့တွင်ညှပ်ထားသော အိတ်မှသိုင်းကြိုးနှင့်လက်ကိုင်ဘရိတ်တို့ချိတ်မိကာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးအုတ်တိုင်အား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့ တိုက်မိစဉ် နောက်မှ စီးနင်းလိုက်ပါလာသူ မထွေးထွေးလွင်မှာ ပြုတ်ကျသွားခဲ့ပြီး ဦးခေါင်းနောက်စေ့တွင် ဖူးရောင်ဒဏ်ရာရရှိကာ သေဆုံးသွားသောကြောင့် ဆိုင်ကယ်မောင်းနှင်သူ လှမိုးအား တွံတေးမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

စိုးဝင်း(SP)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
ကျန်းမာရေးဝန်ကြီးဌာန
ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရှမ်းပြည်နယ်

ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တိုင်းရင်း ဆေးကုဌာနအတွက် အလျားပေ(၄၀×၃၀)၊ အမြင့် ၁၂ပေ အုတ်ညှပ်၊ ရေမီး၊ မိလ္လာအပါနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် တိုင်းရင်းဆေးကုဌာန၊ စက်ရေတွင်းတူးဖော်ခြင်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းများပြုလုပ်ရန်အတွက် စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများ ထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းကမ်းအသေးစိတ်နှင့်ဆောက်လုပ်မည့်လုပ်ငန်းအသေးစိတ်ကို ရှမ်းပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၂၂၇ သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပိတ်ရက် - ၂၇-၁-၂၀၁၄ရက် ညနေ ၄း၀၀ နာရီနောက်ဆုံးထား လျှောက်ထားရန်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန၊ တောင်ကြီးမြို့

ဈေးပြိုင်တင်ဒါခေါ်ယူခဲ့ခြင်းအား ပယ်ဖျက်ခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တင်ဒါစိစစ်ရေးအဖွဲ့မှ ၆-၁-၂၀၁၄ ရက် ထုတ် မြန်မာ့အလင်းသတင်းစာတွင် သိုလှောင်ရုံ (၁၂)လုံး၊ အဆောက်အအုံ (၁၀)လုံး၊ အခန်း (၂)ခန်းတို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ငှားရမ်းပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ အဆိုပါကြေညာချက် Lot-(6) မန္တလေးမြို့၊ အမှတ် (၁၀၀)၊ ၂၅လမ်း၊ ၈၃×၈၄ လမ်းကြားရှိ ပေ (၄၉×၂၀×၁၆) (သွပ်၊ အုတ်၊ ကွန်) ပဆ-၉၁၁၈ အခန်း (၁)ခန်းနှင့် Lot-(7) မန္တလေးမြို့၊ အမှတ် (၂၄၇)၊ ၂၇လမ်း၊ ၈၃×၈၄လမ်းကြားရှိ ပေ(၃၀×၁၅×၁၈) (သွပ်၊ အုတ်၊ ကွန်) ပဆ-၉၈၇၀ အခန်း(၁)ခန်းမှာ ပိုင်ဆိုင်မှုကိစ္စပြန်လည်ရှင်းလင်းရန် ပေါ်ပေါက်လာပါသဖြင့် ၄င်းအခန်း (၁)ခန်းအား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ငှားရမ်းခြင်းမှ (ယာယီ)ပယ်ဖျက်ပါကြောင်းနှင့် ကျန်သိုလှောင်ရုံ၊ အဆောက်အအုံနှင့်အခန်းတို့မှာ ကြေညာချက်ပါအတိုင်းဈေးပြိုင်တင်ဒါစနစ်ဖြင့် ငှားရမ်းခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

သတ္တုတွင်းဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ မော်တော်ယာဉ်များတွင် အသုံးပြုရန်အတွက် စက်ဆီ၊ ချောဆီ အမျိုးမျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

တင်ဒါပိတ်ရက်နှင့်အချိန် - ၂၇-၁-၂၀၁၄ ရက်၊ ၁၅း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ငွေစာရင်းဌာန
သတ္တုတွင်းဦးစီးဌာန
ရုံးအမှတ် (၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၇၇

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များနှင့် အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်	-	၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	-	နံနက် ၁၀ နာရီ
ကျင်းပမည့်နေရာ	-	ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းတိုက်၊ ဆည်မြောင်းဝင်း၊ (၈)မိုင်ခွဲ၊ ပြည်လမ်း၊ အမှတ် (၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ (တစ်ဦးချင်း သီးခြားဖိတ်ကြားစာမပို့ပါ)

အမှုဆောင်အဖွဲ့

ထားဝယ်တက္ကသိုလ်
အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။	**ခေါ်ယူသည့်တင်ဒါ**	-	ထားဝယ်တက္ကသိုလ်၏ (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း
၂။	**တင်ဒါသက်တမ်း**	-	၂-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
၃။	**တင်ဒါပုံစံရောင်းချမည့်နေရာ**	-	ထားဝယ်တက္ကသိုလ်၊ စီမံ/ဘဏ္ဍာဌာန
၄။	**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်**	-	၁၃-၁-၂၀၁၄ ရက် (တနင်္လာနေ့)
၅။	**နောက်ဆုံးတင်ဒါတင်သွင်းရမည့် ရက်၊ အချိန်၊ နေရာ**	-	၂၇-၁-၂၀၁၄ ရက် (တနင်္လာနေ့) ၁၆း၀၀ နာရီ ထားဝယ်တက္ကသိုလ်၊ စီမံ/ဘဏ္ဍာဌာန

၆။ အသေးစိတ်အချက်အလက်များကို အထက်ပါတင်ဒါပုံစံရောင်းချမည့်နေရာသို့ လူကိုယ်တိုင် ဖြစ်စေ၊ ဖုန်း-၀၅၉-၂၂၀၇၄ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဓာတ်ပုံတင်ဒါကြီးကြပ်မှုကော်မတီ
ထားဝယ်တက္ကသိုလ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတိုနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည် -

၂။	**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်**	-	၁၃-၁-၂၀၁၄ ရက်
၃။	**တင်ဒါပိတ်မည့်ရက်**	-	၁၆-၁-၂၀၁၄ ရက်
၄။	**တင်ဒါပိတ်မည့်အချိန်**	-	၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

မှုခင်းသတင်းနှင့်ဆောင်းပါး

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှုကြောင့် တစ်ရက်တစ်ဦးနှုန်း သေဆုံး

ရန်ကုန်   ဇန်နဝါရီ   ၁၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ယာဉ်တိုက်မှု ၂၉၇၉မှု၊ သေဆုံးသူ ၅၀၆ ဦးနှင့်ဒဏ်ရာရရှိသူ၄၄၃၀ ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်တိုက်မှု ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ နေ့အချိန်ဖြစ်ပွားမှု ၉၀၂ မှုနှင့်ညအချိန်ဖြစ်ပွားမှု ၁၂၄၁ မှုရှိကြောင်း၊ ယာဉ်တိုက်မှုများ ညအချိန် ပိုမိုဖြစ်ပွားလာကြောင်းဖြင့် ဇန်နဝါရီ ၆ ရက်က ရန်ကုန်မြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)၌ ကျင်းပသည့် သတင်းမီဒီယာတွေ့ဆုံပွဲ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးလင်းထွဋ်က ပြောကြားသည်။

"ယာဉ်တိုက်မှုတွေ မဖြစ်အောင် ကြိုတင်ကာကွယ်တဲ့စနစ်နဲ့ ဖမ်းဆီးဆောင်ရွက်နေပါတယ်။ ၂၀၁၃ ခုနှစ်အတွင်းမှာ မှုခင်းနဲ့ဖမ်းဆီးခဲ့တဲ့ အမှုပေါင်း ၂၅၉၅၂၂ မှုရှိခဲ့ပါတယ်။ ယာဉ်တိုက်မှုတွေမဖြစ်အောင် ကြိုတင်ကာကွယ်တဲ့စနစ်တွေနဲ့ ဖမ်းဆီးနေရုံနဲ့ မလုံလောက်ပါဘူး။ လမ်းအသုံးပြုသူအားလုံးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအပေါ်မှာ လိုက်နာဆောင်ရွက်ဖို့လိုပါတယ်။ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ တစ် ရက်ကို တစ်ယောက်နှုန်း သေဆုံးနေပါတယ်။ သာမန်တွက်ကြည့်ရင်တော့ မြို့ကြီးက ကျယ်တဲ့အတွက် သိပ်မသိသာပေမယ့် သေချာစာရင်းဇယား Data နဲ့ ကြည့်တဲ့အခါ ထိတ်လန့်ဖွယ်တွေ့နေရပါတယ်။ ဒါဟာ ယာဉ်ထိန်းရဲတပ်ဖွဲ့ တစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။ လမ်းအသုံးပြုသူ ပြည်သူတစ်ရပ်လုံးကပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်"ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းလွင်က ပြောကြားသည်။

"ယာဉ်တိုက်ခံရမှုကြောင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရပြီး မသန်စွမ်းတဲ့ဒုက္ခိတဘဝကို ရောက်သွားကြတဲ့အပြင် နိုင်ငံတော်အတွက်လည်း လူ့စွမ်းအားအရင်းအမြစ်တွေ ထိခိုက်စေပါတယ်။ ယာဉ်တိုက်ခံရတဲ့သူရဲ့ မိသားစုတွေရော၊ တိုက်တဲ့သူရဲ့ မိသားစုတွေရော၊ လူမှုဒုက္ခကို ခံစားကြရတယ်။ ဒါကြောင့် ယာဉ်တိုက်မှုမဖြစ်ပွားအောင် စည်းကမ်းလိုက်နာဖို့လိုပါတယ်၊ နိုင်ငံတော်အနေနဲ့လည်း ယာဉ်ထိန်းရဲတပ်ဖွဲ့တွေကို တိုးမြှင့်ဖြည့်ဆည်းပေးတဲ့အပြင် လမ်းအချက်ပြစနစ်တွေ၊ မီးပွိုင့်တွေ လူကူးမျဉ်းကျားတွေ မရှိသေးတဲ့နေရာတွေမှာ ပြုလုပ်ပေးစေချင်တယ်"ဟု ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ကျောင်းဆရာ ဦးတင်ဝင်းလှိုင်က သူ့အမြင်ကိုပြောသည်။

ယာဉ်တိုက်မှုလျော့နည်းစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှုကြိုတင်ကာကွယ်ရေးစနစ်ဖြင့် ဖမ်းဆီးဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်အတွင်း တစ်ရက်လျှင်၇၂၀ မှုဖြင့် တစ်နှစ်အတွင်း ၂၅၉၅၂၂ မှု ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **နေလင်း**

စေတနာအခမဲ့ဆေးခန်း ကုသိုလ်ဖြစ် ကုသပေး

ကျောင်းကုန်း   ဇန်နဝါရီ   ၁၂

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် စေတနာ(အခမဲ့)ဆေးခန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ဖွင့်လှစ်ထားရာ ဇန်နဝါရီ ၆ ရက်က ဒေါက်တာသန်းနိုင်ဦးနှင့်အတူ အကူဆရာမ မမိုးမိုးလှိုင်တို့က လူနာ ၄၅ ဦးအား ကုသိုလ်ဖြစ်ဆေးကုသပေးပြီး တစ်နေ့တာဆေးအလှူရှင်များအနေနှင့် အမှတ်(၁)ရပ်ကွက်မှ ဦးအေးမင်း-ဒေါ်ရီအေးမိသားစုတို့က ငွေကျပ် ၃၀၀၀၀ လှူဒါန်းခဲ့သည်။ ထပ်မံ၍ လှူဒါန်းလိုသော အလှူရှင်များအနေနှင့် ဖုန်း-၀၉-၈၅၇၂၄၈၈နှင့် ၀၉-၃၁၁၅၁၂၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မခင်မင်းခန့်

စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများဖမ်းဆီးရမိ

လားရှိုး   ဇန်နဝါရီ   ၁၂

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ ရဲအုပ်ငြိမ်းချမ်းစိုး၊ ရဲအုပ်ခင်သီတာတို့သည် ဇန်နဝါရီ ၉ ရက် ည ၇ နာရီက လားရှိုးမြို့ ရပ်ကွက်(၁၁)နယ်မြေ (၂) နေမရှောက်ထွယ်၏နေအိမ်တွင်မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချနေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ပလတ်စတစ် ကပ်ခွာအိတ်ဖြင့် ထည့်လျက် 88နှင့် 1 စာတန်း တစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၃ပြား အလေးချိန် ၃ ဒသမ ၈၇ ဂရမ် (တန်ဖိုးတစ်ပြားလျှင် ငွေကျပ်၂၀၀၀ဖြင့် ကျပ်၈၆၀၀၀)နှင့် အအေးစုပ်ပိုက် တစ်ပိုက်လျှင် ဘိန်းဖြူမှုန့်အလေးချိန် ၀ ဒသမ ၀၁ ဂရမ်၁၀ ပိုက် စုစုပေါင်း အလေးချိန် ၀ ဒသမ ၁ ဂရမ် (တစ် ဂရမ်ငွေကျပ်၁၉၀၀၀ ဖြင့် ကျပ်၁၉၀၀)အား တွေ့ရှိသိမ်းဆည်းခဲ့ပြီး ရှောက်ထွယ်မှ စိတ်ကြွရူးသွပ်ဆေးပြားအား တစ်ရပ်ကွက်တည်းနေ ရှောက်ရှိထံမှလည်းကောင်း ဘိန်းဖြူများအား အားဟုန်ထံမှလည်းကောင်း ဝယ်ယူခဲ့ကြောင်း ဖော်ထုတ်ခဲ့ပြီး ရှောက်ရှို၏နေအိမ်အား လိုက်လံပြသသဖြင့် ည ၇ နာရီ ၄၅ မိနစ်တွင် ရှောက်ရှိုကို ဖမ်းဆီးရမိခဲ့သည်။ ရှောက်ရှို၏ ထွက်ဆိုချက်အရ ဆေးပြားများအား ၄င်းနှင့်တစ်လမ်းတည်းနေရှောက်ခွမ်းထံမှ ၂၀၀ပြားပါ တစ်ထုပ်လျှင် ငွေကျပ်၁၇၅၀၀၀ ဖြင့် ဝယ်ယူပြီး ရှောက်ထွယ်အား တစ်ပြားလျှင်ငွေကျပ်၂၀၀၀ဖြင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၀ကို နေအိမ်သို့ သွားရောက် ပို့ဆောင်ရောင်းချခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ည ၈ နာရီတွင် ရှောက်ခွမ်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ရှောက်ခွမ်းမှာ နေအိမ်တွင် မရှိဘဲတိမ်းရှောင်သွားခဲ့သဖြင့် မူးယစ်ဆေးဝါး ရောင်းချသုံးစွဲသူ သုံးဦးအား လားရှိုးမြို့မရဲစခန်းက အရေးယူထားရှိသည်။ ရှောက်ထွယ်(မ) (၄၄နှစ်) ရပ်ကွက် (၁၁) နယ်မြေ(၂) လားရှိုးမြို့၊ ရှောက်ရှို(ကျား) (၅၄နှစ်) ရတနာလမ်းသွယ်၊ နယ်မြေ (၅)ရပ်ကွက် (၁၁) လားရှိုး မြို့၊ သန်းဦး(ခ) အားဟုန် (ကျား) (၂၄နှစ်) အမှတ်(၆) နယ်မြေ (၅) ရပ်ကွက်(၁၁) လားရှိုးမြို့နေသူတို့အား အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဆက်လက်၍ ဖမ်းဆီးရမိတရားခံ ရှောက်ထွယ်၏ ထွက်ဆိုချက်အရ ဘိန်းဖြူများကို တစ်ရပ်ကွက်တည်းနေ သန်းဦး(ခ)အားဟုန်ထံမှ ဝယ်ယူခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ည ၈ နာရီခွဲတွင် သန်းဦး(ခ) အား ဟုန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်း၌ ဖမ်းဆီးရမိခဲ့ပြီး ခုတင်ပေါ်ရှိ ခေါင်းအုံးအောက်မှ အဖုံးပါ ပင်နီဆီလင်ပုလင်းဖြင့် ထည့်လျက် အအေးစုပ်ပိုက်ငယ်တစ်ခုလျှင် ဘိန်းဖြူမှုန့်အလေးချိန် ၀ ဒသမ ၀၁ ဂရမ်ခန့်ပါ (၁၄)ပိုက် စုစုပေါင်းအလေးချိန် ၀ ဒသမ ၁၄ ဂရမ် (တန်ဖိုးတစ်ဂရမ် ငွေကျပ် ၁၉၀၀၀ဖြင့် ကျပ်၂၆၆၀) တွေ့ရှိသိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိ ရောင်းချသူ သန်းဦး (ခ)အားဟုန်(ကျား) (၂၄နှစ်) အမှတ်(၆) နယ်မြေ(၅) ရပ်ကွက် (၁၁)အား လားရှိုးမြို့မရဲစခန်းက အရေးယူထားရှိကြောင်း သိရသည်။

ဟန်ဌေး(iprd)

၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု စာရင်း

၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ ဘိန်း ၆၅ မှု အလေးချိန် ၁၃၁ ဒသမ ၁၀၁၂ ကီလို၊ ဘိန်းဖြူ ၂၁၃ မှု အလေးချိန် ၅ ဒသမ ၆၅၁၆ ကီလို၊ ဘိန်းဆီခဲရှစ်မှု အလေးချိန် ၄ ဒသမ ၅၀၃၇ ကီလို၊ အဆင့်နိမ့်ဘိန်း ၂၁ မှု အလေးချိန် ၁၉ ဒသမ ၅၅၇၁ ကီလို၊ အက်ဖီဒရင်း နှစ်မှု အလေးချိန် ၉ ဒသမ ၀၀၀၁ ကီလို၊ ဆေးခြောက်သုံးမှု အလေးချိန် ၅ ဒသမ ၅၄၇၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၄ မှု၊ ၄၁၇၉၅၃ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ငါးမှု ၀ ဒသမ ၅၁၂၃ ကီလို၊ ဘိန်းစားမှုန့် ငါးမှု အလေးချိန် ၁၉ ဒသမ ၉၂၈ ကီလို၊ ဆူဒိုအက်ဖီဒရင်းအာနိသင်ပါဆေးပြား လေးမှု ၇၃ ဒသမ ၉၉၇၅ ကီလို၊ ထရာမဒေါလ်တစ်မှု၊ ၁၉ တောင့်၊ ဘိန်းရည်တစ်မှု ၂၉၅ ဒသမ ၃၆ လစ်တာ၊ အိုက်စ် သုံးမှု ၁ ဒသမ ၁၂၇၇ ကီလို၊ အမိုနီယမ်ကလိုရိုက်မှု ၅၀ ကီလို၊ လို့ကဲဇောအရည်မှု ၃၂၀ လစ်တာ၊ ဖီနိုင်းအက်စီတစ်အက်စစ်အခဲမှု ၈၀ ကီလို၊ ဟိုက်ဒရိုကလိုရစ်အက်စစ်မှု ၉၈ ဒသမ ၅ လစ်တာ၊ အရိုးမီးသွေးမှု ၄၅ ကီလို၊ ဘိန်းညှိမှုန့် တစ်မှု ၅ ဒသမ ၄ ကီလို၊ အယ်ပရာဇိုလမ်တစ်မှု၊ တစ်ပြား၊ အခြား ၁၃မှု၊ မှတ်ပုံတင်ပျက် သုံးမှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၄၈၃ မှု ဖမ်းဆီးခဲ့ရာတွင် ပြစ်မှုကျူးလွန်သူအမျိုးသား ၆၀၆ ဦး၊ အမျိုးသမီး ၈၉ ဦး စုစုပေါင်း ပြစ်မှုကျူးလွန်သူ ၆၉၅ဦးတို့ကို ဥပဒေအရ အရေးယူခဲ့သည်။ **(သတင်းစဉ်)**

တရားမဝင်သစ်ခွဲသားများ ဖမ်းဆီးမိ

မော်လမြိုင်   ဇန်နဝါရီ   ၁၂

မွန်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်၊ မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းလင်းနိုင်၊ တောအုပ်ကြီး ဦးစိုးဝင်းပါဝင်သော အဖွဲ့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရှာဖွေဖမ်းဆီးခြင်းလုပ်ငန်းစီမံချက်နှင့်အညီ အကောင်အထည်ဖော်လျက်ရှိရာ ဇန်နဝါရီ ၉ ရက် နံနက် ၄ နာရီက မွန်ပြည်နယ် မော်လမြိုင်-ကျိုက်မရောမြို့နယ်သွား ကားလမ်းမပေါ်တွင် ယာဉ်မောင်းဦးမြင့်ဇော်၊ သစ်ပိုင်ရှင်ဦးသက်ဇော်မျိုးတို့ မောင်းနှင်လာသည့်ထော်လာဂျီယာဉ်အမှတ်၄/---ကို ရပ်တန့်စစ်ဆေးရာ တရားမဝင် အုပ်စု(၂) သစ်ခွဲသား ၂၆၂ ချောင်း ၃ ဒသမ ၉၀၇၀ တန် သိမ်းဆည်းရမိ၍ ယာဉ်မောင်းနှင့် သစ်ပိုင်ရှင်တို့နှစ်ဦးအား သစ်တောဥပဒေပုဒ်မအရ မော်လမြိုင်မြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့ထားကြောင်း သိရသည်။ **(၁၀၇)**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်	ဆောင်ရွက်မည့်နေရာ
၁	စက်မှုအဆောက်အအုံ ပေ(၃၀×၄၀) RC တစ်ထပ်(ရေ၊မီး)	၁ လုံး	ဆက်သွယ်ရေးစခန်း၊ ငွေဆောင်မြို့
	နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ ပေ(၃၀×၄၀) BN တစ်ထပ် (ရေ၊မီး)	၁ လုံး	
	အင်ဂျင်ရုံ(၁၅×၂၀)ပေ BNတစ်ထပ် (ရေ၊ မီး)	၁ လုံး	
၂	ဂိုဒေါင် ပေ(၃၀×၄၀) BNတစ်ထပ်(မီး)	၁ လုံး	ရေအောက်ကေဘယ်ဆက်သွယ်ရေးစခန်း၊ ပုသိမ်မြို့
၃	စက်မှုအဆောက်အအုံ (၂၅×၄၀)ပေ RCနှစ်ထပ် (ရေ၊မီး) အဝင်လမ်းနှင့် ဂိတ်တံခါးပြုလုပ်ခြင်း	၁ လုံး	ဆက်သွယ်ရေးစခန်း၊ ကျောင်းကုန်းမြို့
	အင်ဂျင်ရုံ (၁၅×၂၀)ပေ BNတစ်ထပ် (ရေ၊ မီး)	၁ လုံး	
	ခြံစည်းရိုး Chain Link (၆၀×၈၀×၆)ပေ ကာရံခြင်း	၁ ခု	
၄	စက်မှုအဆောက်အအုံ (၂၈×၃၀) ပေ RCနှစ်ထပ် (ရေ၊ မီး) နှင့် အဝင်လမ်းခင်းခြင်း	၁ ခု	ဆက်သွယ်ရေးစခန်း၊ ညောင်တုန်းမြို့
	အင်ဂျင်ရုံ (၁၅×၂၀) ပေ BN တစ်ထပ် (ရေ၊မီး)	၁ လုံး	
	စုစုပေါင်း	၉ လုံး	

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်-၁၃-၁-၂၀၁၄ ရက် (တနင်္လာနေ့)
တင်ဒါပုံစံရောင်းချမည့်နေရာ-တိုင်းဒေသကြီးမန်နေဂျာရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
တင်ဒါတင်သွင်းရမည့်နေရာ-တိုင်းဒေသကြီးမန်နေဂျာရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
တင်ဒါပုံစံ နောက်ဆုံးပေးသွင်းရမည့်ရက်နှင့်အချိန်-၃၁-၁-၂၀၁၄ ရက် (သောကြာနေ့)၊ နံနက် ၁၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီးမန်နေဂျာရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပုသိမ်မြို့၊ ဖုန်း-၀၄၂-၂၄၀၉၈၊ ၀၄၂-၂၃၁၀၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်း/ပစ္စည်းအမျိုးအမည်
(က)	၄၆၂/မမ(CME)	နေပြည်တော်ဘူတာရထားရဲတပ်ဖွဲ့မှူးရုံးအတွက် လျှပ်စစ်ပစ္စည်း(၃၉)မျိုး အရောက်ပို့စနစ်ဖြင့် ဝယ်ယူရန်၊
(ခ)	၄၆၃/မမ(CME)	သန့်ရှင်းရေးသုံး Chemical ပစ္စည်းနှင့် ကြွေချေးချွတ်ဆေး ငါးမျိုး ဝယ်ယူရန်၊
(ဂ)	၄၆၄/မမ(S & T)	နေပြည်တော်ဘူတာကြီးတွင် (Local Area Net Work) တပ်ဆင်ဆောင်ရွက်ရန်၊
(ဃ)	၄၆၅/မမ(S & T)	အချက်ပြတိုင်များနှင့် ဆက်စပ်ပစ္စည်းများ၊ သုတ်ဆေးရောင်စုံ၊ GI Wire, 12V 120AH Battery, 4" GI Pipe, VHF Transceiver, Solar Module များအပါအဝင် ၁၉မျိုးဝယ်ယူရန်၊

တင်ဒါပိတ်မည့်ရက်/အချိန်-၂၇-၁-၂၀၁၄ ရက်(တနင်္လာနေ့)၊ မွန်းလွဲ ၁၂:၃၀ နာရီ

